**Panasonic**®

# အသုံးပြုပုံလမ်းညွှန်ချက်များ

# အယ်လ်အီးဒီတီဗွီ

မြန်မာ

မော်ဒယ်နံပါတ်

**TH-65GX800K**
**TH-65GX800S**



( ပုံ : TH-65GX800K)

**အင်တာနက်**
**အကူအညီ**

**အသေးစိတ်လမ်းညွှန်ချက်များကို(အင်တာနက်အကူအညီ)တွင်ဖတ်ပါ။**
**(စက်တွင်းပါအသုံးပြုမှုလမ်းညွှန်ချက်များ)**

- (အင်တာနက်အကူအညီ)အသုံးပြုပုံ ➡ **(စာမျက်နှာ ၁၈)**

ဤပန်နာဆိုးနစ် ထုတ်ကုန်ကိုဝယ်ယူအားပေးသည့်အတွက်ကျေးဇူးတင်ပါသည်။

ဤထုတ်ကုန်ကိုအသုံးမပြုမီလမ်းညွှန်ချက်များကိုသေချာစွာဖတ်၍နောင်တွင်ပြန်လည်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။
ကိရိယာကိုအသုံးမပြုမီဤလမ်းညွှန်စာအုပ်၏ "ဘေးကင်းလုံခြုံမှုကြိုတင်ကာကွယ်ရေးသတိပေးချက်များ" ကိုသေချာစွာဖတ်ပါ။
ဤလမ်းညွှန်စာအုပ်တွင်ပြထားသောပုံများသည် သရုပ်ပြရန်အတွက်သာဖြစ်ပါသည်။

# မာတိကာ

## သေချာစွာဖတ်ပါ


အရေးကြီးသတိပေးချက်များ ........................................ ၃
ဘေးကင်းလုံခြုံမှုကြိုတင်ကာကွယ်ရေးသတိပေးချက်များ ........................................ ၄
တွဲဖက်ပစ္စည်းများ ........................................ ၇
တီဗွီကိုတပ်ဆင်ခြင်း ........................................ ၇
နံရံကပ်ဒေါက်ကိုတပ်ဆင်ခြင်း ........................................ ၈
တီဗွီ၏အချိတ်အဆက်များ ........................................ ၉
ထိန်းချုပ်ရေးခလုတ်များကိုခွဲခြမ်းစိတ်ဖြာခြင်း ........................................ ၁၅
ပထမဆုံးအကြိမ်အလိုအလျောက်ရုပ်သံလိုင်းဖမ်းခြင်း ........................................ ၁၇
တီဗွီအားကြည့်ရှုခြင်း ........................................ ၁၈
အင်တာနက်အကူအညီအားအသုံးပြုပုံ ........................................ ၁၈
အမေးများသောမေးခွန်းများ ........................................ ၂၀
ပြုပြင်ထိန်းသိမ်းခြင်း ........................................ ၂၁
အသေးစိတ်အချက်အလက်များ ........................................ ၂၁


DOLBY AUDIO™

POWERED BY DRAGON

real


ဝေါဟာရများဖြစ်သော HDMI နှင့် HDMI အရည်အသွေးမြင့်ရုပ်သံကြားခံစက်နှင့် HDMI တံဆိပ်များသည် အမေရိကန်ပြည်ထောင်စုနှင့်အခြားနိုင်ငံများရ HDMI လိုင်စင်စီမံခန့်ခွဲမှုကော်ပိုရေးရှင်း၏ကုန်အမှတ်တံဆိပ်များ(သို့)မှတ်ပုံတင်ထားသောကုန်အမှတ်တံဆိပ်များဖြစ်သည်။

Dolbyဓာတ်ခွဲခန်းများမှလိုင်စင်ရထုတ်ထားသည်။
Dolby,Dolby Audio နှင့် Double-Dသင်္ကေတများသည် Dolbyဓာတ်ခွဲခန်းများ၏ကုန်အမှတ်တံဆိပ်များဖြစ်သည်။

Dragon မှအပြောပိုင်းကိုထောက်ပံ့ထားသည်။
၂၀၀၂–၂၀၁၉ Nunce Communications Inc. လုပ်ပိုင်ခွင့်အားလုံးလက်ဝယ်ရရှိထားသည်။

Bluetooth® စကားလုံးအမှတ်အသားနှင့်အမှတ်တံဆိပ်များသည်ဘလူးတုအက်စ်အိုင်ဂျီ(Bluetooth SIG) ကော်ပိုရေးရှင်းမှမှတ်ပုံတင်ထားသောကုန်အမှတ်တံဆိပ်ဖြစ်ပြီးပန်နာဆိုးနစ်ကော်ပိုရေးရှင်းမှထိုကဲ့သို့သောအမှတ်အသားအသုံးပြုမှုသည်လိုင်စင်ရပြီးဖြစ်သည်။ အခြားကုန်အမှတ်တံဆိပ်များနှင့်ကုန်အမှတ်တံဆိပ်များသည်၎င်းတို့၏သက်ဆိုင်ရာပိုင်ရှင်၏ပိုင်ဆိုင်မှုများဖြစ်သည်။

x.v.Colour™ သည်ကုန်အမှတ်တံဆိပ်တစ်ခုဖြစ်သည်။

RealMedia,RealVideo နှင့် RealAudio တို့သည် RealNetworks ကော်ပိုရေးရှင်း၏မှတ်ပုံတင်ထားသောကုန်အမှတ်တံဆိပ်များဖြစ်သည်။


အောက်ဖော်ပြချက်များသည် RealNetworks ကော်ပိုရေးရှင်း၏ လိုင်စင်သဘောတူညီချက်အောက်တွင်ရှိသည်။
၄.၄.၂.၁ ချမှတ်ထားသောဥပဒေမှတားမြစ်ထားသောကန့်သတ်ချက်များမှလွဲ၍အသုံးပြုမှုစည်းကမ်းများသည်သုံးစွဲသူအား၊ဘာသာပြန်ခြင်း၊ပြောင်းပြန်စီမံဆောက်လုပ်ခြင်း၊ကုဒ်ဖြည်ခြင်းတစ်စစီဖြုတ်ခြင်း(သို့)အခြားသောရည်ရွယ်ချက်များဖြင့်ပင်ရင်းခံကုဒ်အားရှာဖွေခြင်း(သို့)သုံးစွဲသူကုဒ်၏အသုံးချနိုင်စွမ်းအားပုံတူပွားခြင်းတို့ကိုတားမြစ်ပိတ်ပင်ရမည်။
၄.၄.၂.၂ အသုံးပြုမှုစည်းမျဉ်းများသည် သီးခြားရည်ရွယ်ချက်တစ်ခုအတွက်ကုန်သွယ်ရေးနှင့်ကြံ့ခိုင်ရေးအာမခံချက်များ(သို့)အခြေအနေများအပါအဝင်၍သဘောတူညီချက်တွင်ဖော်ပြထားသောအာမခံချက်(သို့)အခြေအနေအားလုံးကို Real ကိုယ်စားမသက်ဆိုင်ကြောင်းငြင်းဆန်ရမည်။ဆုံးရှုံးသွားသောအမြတ်အစွန်း(သို့)အစားထိုးစနစ်များအပါအဝင်သွယ်ဝိုက်၍မထင်မှတ်ထားသောလက်ငင်းပျက်စီးမှုများ၏တာဝန်များအားချန်လှပ်ထားရမည်။

- ကုန်အမှတ်တံဆိပ်များ၏အချက်အလက်များအတွက်(အင်တာနက်အကူအညီ)အားဖတ်ပါ။ ((Purpose)ရည်ရွယ်ချက် >(Read first) ဦးစွာဖတ်ပါ > (Before) အသုံးမပြုမီ >(Licence) လိုင်စင် ဟူ၍အစဉ်အတိုင်းရှာပါ။)

> အခြားဖော်ပြချက်များမပါရှိခဲ့ပါက၍လမ်းညွှန်စာအုပ်တွင်ပါဝင်သောပုံများသည်မော်ဒယ် TH-65GX800K အတွက်ရည်ညွှန်းသည်။
> ပေးထားသောသရုပ်ဖော်ပြချက်များသည်မော်ဒယ်နှင့်နိုင်ငံအပေါ်မူတည်၍ကွဲပြားနိုင်ပါသည်။

# အရေးကြီးသတိပေးချက်

## စင်ကာပူ

### ရောစပ်ထုတ်လုပ်သည့်ကြိုးမဲ့အင်တာနက်စနစ်တီဗွီ အတွက် သတိပေးချက်

- ဤတီဗွီသည် ဇန်နဝါရီ ၂၀၁၇ မှ စ၍ရောစပ်ထုတ်လုပ်သည့်ကြိုးမဲ့အင်တာနက်စနစ်တီဗွီ (“ရောစပ်ထုတ်လုပ်သည့်ကြိုးမဲ့အင်တာနက်စနစ်ပါဝင်သောစံနှုန်း”)၏စံနှုန်းနှင့်ကိုက်ညီအောင် ဒီဇိုင်းပြုလုပ်ထားပါသည်။
- ရောစပ်ထုတ်လုပ်သည့်ကြိုးမဲ့အင်တာနက်စနစ်တီဗွီ၏စံနှုန်းနှင့်ကိုက်ညီသောသတ်မှတ်ဝန်ဆောင်မှုများကို ဤတီဗွီအတွက်အသုံးမပြုနိုင်ပါ။
- ရောစပ်ထုတ်လုပ်သည့်ကြိုးမဲ့အင်တာနက်စနစ်တီဗွီ၏အနာဂတ်စံချိန်စံညွှန်းများနှင့်ရောစပ်ထုတ်လုပ်သည့်ကြိုးမဲ့အင်တာနက်စနစ်တီဗွီ စံနှုန်းနှင့်ကိုက်ညီသောအနာဂတ်ဝန်ဆောင်မှုတို့၏သဟဇာတဖြစ်မှုအတွက်အာမခံ ရှိပါ။
- အစီအစဉ်များအားလုံးသည်ဝန်ဆောင်မှုပေးသူနှင့်ကွန်ယက်အပေါ်မူတည်၍မရခြင်းမျိုးဖြစ်နိုင်ပါသည်။

### ဒစ်ဂျစ်တယ်မြေစိုက်အသံလွှင့်ခြင်းနှင့်ဖန်ရှင်များအတွက်သတိပြုခြင်း

- ဒစ်ဂျစ်တယ်အသံလွှင့်ခြင်းနှင့်သက်ဆိုင်သောဖန်ရှင်သည်ဒစ်ဂျစ်တယ်မြေစိုက်အသံလွှင့်ခြင်းဝန်ဆောင်မှုများလက်ခံရရှိသည့်နေရာများတွင်အလုပ်လုပ်သည်။စက်အသုံးပြုသည့်နေရာများမှ ပန်နာဆိုးနစ် ၏တာဝန်ရှိသူများနှင့်ဆွေးနွေးပါ။
- အစီအစဉ်အားလုံးသည်နိုင်ငံ၊နေရာ၊အသံလွှင့်သူ၊ဝန်ဆောင်မှုပေးသူအပေါ်မူတည်၍မရခြင်းမျိုးဖြစ်နိုင်ပါသည်။
- ဤတီဗွီတွင် ဒစ်ဂျစ်တယ်အသံလွှင့်ခြင်းအသေးစိတ်အချက်အလက်များပါဝင်သည်။ သို့သော် ဒစ်ဂျစ်တယ်အသံလွှင့်ခြင်း၏အနာဂတ်ဝန်ဆောင်မှုများအတွက်အာမခံချက်မရှိပါ။

အင်တာနက်ပရိုဂရမ်များကိုဝန်ဆောင်မှုပေးသူများမှထောက်ပံ့ထားပြီးအချိန်မရွေးပြောင်းလဲခြင်း၊ပြတ်တောက်ခြင်း၊ရပ်တန့်ခြင်းများဖြစ်နိုင်သည်။

ပန်နာဆိုးနစ် သည်ဝန်ဆောင်မှုများ ရရှိနိုင်ရေးနှင့်အဆက်မပြတ်သုံးစွဲနိုင်မှုအတွက်တာဝန်ယူခြင်း၊အာမခံခြင်းမရှိပါ။

ပန်နာဆိုးနစ် သည်အခြားထုတ်လုပ်သူများမှပြုလုပ်သောအရံပစ္စည်းများ၏အသုံးပြုမှုနှင့်လုပ်ဆောင်မှုအတွက်အာမခံချက်မပေးပါ။ဤကဲ့သို့အခြားထုတ်လုပ်သူများ၏အရံပစ္စည်းများကိုအသုံးပြုခြင်းကြောင့်ဖြစ်ပေါ်လာသောပျက်စီးမှုအတွက်တာဝန်မယူပါ။

### သုံးစွဲသူ၏အချက်အလက်များကိုကိုင်တွယ်ခြင်း

သင့်ကိရိယာ(ဤတီဗွီ)၏ကွန်ရက်ကြားခံစနစ်၏အင်တာနက်လိပ်စာကဲ့သို့သုံးစွဲသူ၏အချက်အလက်များကိုသင်၏ ပန်နာဆိုးနစ် စမတ်တီဗွီ(ဤတီဗွီ)(သို့)အခြားကိရိယာများနှင့်အင်တာနက်ချိတ်ဆက်လိုက်သည်နှင့်တပြိုင်နက်သိမ်းဆည်းပါမည်။(ကိုယ်ရေးအချက်အလက်မူဝါဒမှကောက်နုတ်ချက်)ဤသို့ပြုလုပ်ရခြင်းသည် သုံးစွဲသူများကိုကာကွယ်ရန်နှင့်ဝန်ဆောင်မှုကိုတည်တံ့ခိုင်မြဲစေရန်အပြင် ပန်နာဆိုးနစ် ၏လုပ်ပိုင်ခွင့်(သို့)ပစ္စည်းများကိုကာကွယ်ရန်ဖြစ်သည်။ဤအကြောင်းနှင့်ပက်သက်၍အသေးစိတ်သိလိုပါက(အင်တာနက်အကူအညီ)တွင်ပြထားသည်။((Purpose)ရည်ရွယ်ချက် > (Network) ကွန်ရက် > (Network settings)ကွန်ရက်ချိန်ညှိခြင်း > (Terms of service) ဝန်ဆောင်မှုနှင့်ချိန်ညှိခြင်းစည်းမျဉ်းများအတိုင်းရှာပါ။)

ပန်နာဆိုးနစ် ၏ဝန်ဆောင်မှုဆိုင်ရာစည်းကမ်းချက်များ၊ကိုယ်ရေးအချက်အလက်မူဝါဒများ (စည်းကမ်းနှင့်သတ်မှတ်ချက်များကိုရည်ညွှန်းပါသည်)ကိုသဘောတူပြီးနောက်ဤတီဗွီ၏ အင်တာနက်ချိတ်ဆက်သည့်ဖန်ရှင်ကိုအသုံးပြုသည့်အခါသုံးစွဲသူ၏ကိရိယာအသုံးပြုသည့် အချက်အလက်များကိုစည်းကမ်းနှင့်သတ်မှတ်ချက်များအရစုဆောင်းနိုင်သည်။

ဝန်ဆောင်မှုဆိုင်ရာစည်းကမ်းချက်များ၊ကိုယ်ရေးအချက်အလက်မူဝါဒများ၏အသေးစိတ်အချက်အလက်များအတွက်(အင်တာနက်အကူအညီ)တွင်ဖတ်ပါ။((Purpose) ရည်ရွယ်ချက် > (Network)ကွန်ရက် > (Network settings)ကွန်ရက်ချိန်ညှိခြင်း > (Terms of service)ဝန်ဆောင်မှုနှင့်ချိန်ညှိခြင်းစည်းမျဉ်းများအတိုင်းရှာပါ။)

သုံးစွဲသူအချက်အလက်များကိုတီဗွီတွင် အသံလွှင့်ဌာန(သို့)လုပ်ငန်းသုံးပရိုဂရမ်ပံ့ပိုးပေးသူမှ မှတ်တမ်းတင်နိုင်သည်။ဤတီဗွီကိုပြုပြင်ခြင်း၊လွှဲပြောင်းခြင်း၊ဖယ်ရှားခြင်းမပြုလုပ်မီအောက်ပါလုပ်ငန်းစဉ်အတိုင်းဤတီဗွီတွင်မှတ်တမ်းတင်ထားသောအချက်အလက်များအားလုံးကိုဖျက်ပစ်ပါ။

((Purpose)ရည်ရွယ်ချက် > (Network)ကွန်ရက် > (Network settings)ကွန်ရက်ချိန်ညှိခြင်း > (Terms of service) ဝန်ဆောင်မှုနှင့်ချိန်ညှိခြင်းစည်းမျဉ်းများအတိုင်းရှာပါ။)

ဖောက်သည်များ၏သတင်းအချက်အလက်များကိုဤတီဗွီ(သို့)ဝက်ဆိုက်ဘ်ရှိတတိယအဖွဲ့အစည်းများ၏ပရိုဂရမ်မှတစ်ဆင့်ပံ့ပိုးသူမှရနိုင်သည်။ကျေးဇူးပြု၍ဝန်ဆောင်မှုပေးသူ၏စည်းကမ်းချက်များနှင့်အခြေအနေစသည်တို့ကိုကြိုတင်အတည်ပြုပါ။

- ဤတီဗွီ(သို့)ဝက်ဘ်ဆိုက်ရှိကြားလူမှပံ့ပိုးသောပရိုဂရမ်မှတစ်ဆင့်သုံးစွဲသူ၏အချက်အလက်များကိုစုဆောင်းအသုံးပြုခြင်းအတွက် ပန်နာဆိုးနစ် မှတာဝန်ယူလိမ့်မည်မဟုတ်ပါ။
- သင်၏အကြွေးဝယ်ကဒ်နံပါတ်၊နာမည်စသည်တို့ကိုထည့်သောအခါပံ့ပိုးသူ၏ယုံကြည်စိတ်ချရမှုကိုအထူးသတိပြုပါ။
- မှတ်ပုံတင်ထားသောအချက်အလက်များသည်ပံ့ပိုးသူ၏ဆာဗာတွင်မှတ်ပုံတင်ထားနိုင်ပါသည်။ဤတီဗွီကိုပြုပြင်ခြင်း၊လွှဲပြောင်းခြင်း၊ဖယ်ရှားခြင်းမပြုမီပံ့ပိုးသူ၏စည်းကမ်းချက်နှင့်သတ်မှတ်ချက်များအရအချက်အလက်များကိုဖျက်ပစ်ပါ။

ဤတီဗွီ(သို့)အခြားစက်ပစ္စည်းများတွင်ပါဝင်သောအကြောင်းအရာများကိုမှတ်တမ်းတင်ခြင်းနှင့်ပြန်ဖွင့်ခြင်းသည်မူပိုင်ခွင့်ပိုင်ရှင်(သို့)ထိုအကြောင်းအရာ၏အခြားမူပိုင်ခွင့်များနှင့်ပက်သက်သောခွင့်ပြုချက်များလိုအပ်သည်။ပန်နာဆိုးနစ်သည်ထိုခွင့်ပြုချက်ကိုသင့်အားပေးခွင့်မရှိသည့်အပြင်သင့်ကိုယ်စားထိုခွင့်ပြုချက်ယူပေးရန်အတွက်တာဝန်မရှိပါ။ဤတီဗွီ(သို့)အခြားစက်ပစ္စည်းများကိုအသုံးပြုမှုသည်သင့်နိုင်ငံ၏မူပိုင်ခွင့်ဥပဒေနှင့်ကိုက်ညီအောင်ပြုလုပ်ရမည်မှာသင့်တာဝန်ဖြစ်သည်။သက်ဆိုင်ရာဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများအကြောင်းပိုမိုသိရှိလိုပါကထိုဥပဒေပြဌာန်းချက်များကိုဖတ်ပါ။သင်မှတ်တမ်းတင်လိုသော(သို့)ပြန်ဖွင့်လိုသောအကြောင်းအရာရှိလုပ်ပိုင်ခွင့်ရှိသောပိုင်ရှင်နှင့်ဆက်သွယ်ပါ။

ဤထုတ်ကုန်သည်သုံးစွဲသူ၏ကိုယ်ရေးကိုယ်တာနှင့်စီးပွားဖြစ်မဟုတ်သောအောက်ပါအသုံးပြုမှုများအတွက် အေဗွီစီ မူပိုင်ခွင့်လိုင်စင်ရထားပါသည်။(၁) ဗွီဒီယိုကို အေဗွီစီ စံနှုန်း(အေဗွီစီဗွီဒီယို) နှင့်အညီ ကုဒ်လုပ်ရန်နှင့်။(၂) ကိုယ်ရေးကိုယ်တာနှင့်စီးပွားဖြစ်မဟုတ်ဘဲအသုံးပြုသောသုံးစွဲသူ ကုဒ်လုပ်ထားသည့်(သို့)အေဗွီစီ ဗွီဒီယိုကို လိုင်စင်ရသော ဗွီဒီယိုပံ့ပိုးသူထံမှရရှိထားသည့် အေဗွီစီ ဗွီဒီယိုကို ကုဒ် ဖော်ပြရန်အခြားအသုံးပြုမှုများအတွက်လိုင်စင်ပေးမည်မဟုတ်ပါ။

အပိုဆောင်းအချက်အလက်များကို MPEG,LA,LLC မှရယူနိုင်သည်။
http://www.mpegla.com တွင်ကြည့်ပါ။

ပန်နာဆိုးနစ်နှင့်၎င်း၏အဖွဲ့ဝင်များသည် ယူအက်စ်ဘီ ကီရိယာများ၊ပန်နာဆိုးနစ်ထုတ်ကုန်များ၏ ယူအက်စ်ဘီကီရိယာများနှင့် ယူအက်စ်ဘီအပေါက်များအကြားချိတ်ဆက်မှုလုပ်ဆောင်ချက်များ နှင့်စပ်လျဉ်း၍ ကိုယ်စားပြုခြင်း(သို့)အာမခံမရှိသည့်အပြင်အခြားအာမခံချက်များ အထူးသဖြင့် ရည်ရွယ်ချက်တစ်ခုအတွက်ကြံ့ခိုင်မှုအာမခံချက်၊ဒေတာဆုံးရှုံးမှုအာမခံချက်၊ပန်နာဆိုးနစ်ထုတ်ကုန်၏ ယူအက်စ်ဘီကီရိယာများနှင့် ယူအက်စ်ဘီအပေါက်တို့အကြားဒေတာချိတ်ဆက်မှုလုပ်ဆောင်ချက်(သို့)အပြန်အလှန်ချိတ်ဆက်မှုအာမခံချက်များအတွက်တာဝန်မယူပါ။

စက်ကိုထောင်မတ်နေသည့်အနေအထားတွင်သာထားပါ။



ဤအမှတ်အသားသည် အေစီ ဗို့အားအသုံးပြုသည့်ထုတ်ကုန်ကိုရည်ညွှန်းသည်။



ဤအမှတ်အသားသည် အခန်း ၂ (သို့) လျှပ်ကူးမှုကိုနှစ်ထပ်ကာကွယ်ပေးသောလျှပ်စစ်ပစ္စည်းကိုရည်ညွှန်းသည်။ထုတ်ကုန်သည်လျှပ်စစ်ဝင်သောမြေ(မြေကြီး)နှင့်ဘေးကင်းလုံခြုံမှုအတွက် ချိတ်ဆက်ရန်မလိုပါ။

# ဘေးကင်းလုံခြုံမှုကြိုတင်ကာကွယ်ရေး သတိပေးချက်များ

လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊မီးလောင်ခြင်း၊ပျက်စီးခြင်း(သို့)ဒဏ်ရာရခြင်းမဖြစ်စေရန်အောက်ပါအရေးကြီးသတိပေးချက်များကိုလိုက်နာပါ။

## ■ မီးပလပ်ခေါင်းနှင့်မီးကြိုး

**အရေးကြီးသတိပေးချက်**

စက်တစ်ခုခုမမှန်ပါကလျှပ်စစ်ပလပ်ခေါင်းကို ချက်ချင်းဖြုတ်ပါ။

(GX800K)



(GX800S)



**မှတ်ချက်**

- လျှပ်စစ်ပလပ်ခေါင်းအမျိုးအစားသည် မော်ဒယ်နှင့်နိုင်ငံအပေါ်မူတည်၍ ပြောင်းလဲနိုင်ပါသည်။

- ဤတီဗွီသည်အောက်ပါအတိုင်းဒီဇိုင်းပြုလုပ်ထားပါသည်။
  - TH-65GX800K : အေစီ ၂၂၀–၂၄၀ဗို့၊၅၀–၆၀ဟတ်ဇ်
  - TH-65GX800S : အေစီအလိုအလျောက် ၁၁၀–၂၄၀ဗို့၊၅၀–၆၀ဟတ်ဇ်
- လျှပ်စစ်ပလပ်ခေါင်းကိုပလပ်ခုံတွင်သေချာစွာထိုးထည့်ပါ။
- ကိရိယာကိုသေချာစွာပိတ်ရန် ပလပ်ခုံမှ လျှပ်စစ်ပလပ်ခေါင်းကိုဆွဲဖြုတ်ပါ။လျှပ်စစ်ပလပ်ခေါင်းသည်လည်းအချိန်မရွေးအလွယ်တကူလက်လှမ်းမှီသောနေရာတွင်ထားပါ။
- တီဗွီကိုသန့်ရှင်းသည့်အခါလျှပ်စစ်ပလပ်ခေါင်းကိုဖြုတ်ပါ။
- လျှပ်စစ်ပလပ်ခေါင်းကို ရေစိုလက်ဖြင့်မကိုင်ပါနှင့်။



- လျှပ်စစ်မီးကြိုးကိုမပျက်စီးပါစေနှင့်။
  - လျှပ်စစ်မီးကြိုးပေါ်တွင်လေးလံသောပစ္စည်းများကိုမတင်ပါနှင့်။



  - အပူချိန်မြင့်သောအရာဝတ္ထုများအနီးတွင်လျှပ်စစ်မီးကြိုးကိုမထားပါနှင့်။



  - လျှပ်စစ်မီးကြိုးကိုဆွဲမဖြုတ်ပါနှင့်။ ပလပ်ခေါင်းကိုဖြုတ်သည့်အခါပလပ်ခေါင်းကိုယ်ထည်ကိုကိုင်ထားပါ။



  - ပလပ်ခုံတွင်မီးကြိုးကိုပလပ်ထိုးထားလျှက်နှင့်တီဗွီကိုမရွှေ့ပါနှင့်။
  - လျှပ်စစ်မီးကြိုးကိုလိမ်ခြင်း၊အလွန်အကျွံကွေးခြင်း၊ဆွဲဆန့်ခြင်းမပြုပါနှင့်။
  - ပျက်စီးနေသောလျှပ်စစ်ပလပ်ခေါင်း(သို့)ပလပ်ခုံကိုမသုံးပါနှင့်။
  - တီဗွီသည်လျှပ်စစ်မီးကြိုးကိုမဖိမိအောင် သတိပြုပါ။

## ■ ဂရုပြုရမည့်အချက်များ

### အရေးကြီးသတိပေးချက်




- စက်အဖုံးများကိုဖယ်လိုက်သည့်အခါအချို့အပိုင်းများသည်လျှပ်စီးဝင်နိုင်ပြီးလျှပ်စစ်ရှော့ခ်အန္တရာယ်ဖြစ်နိုင်သောကြောင့်စက်အဖုံးများကိုဖြုတ်ခြင်း၊ တီဗွီကိုကိုယ်တိုင်ပြုပြင်ခြင်းမလုပ်ပါနှင့်။ စက်အတွင်းတွင်အသုံးပြုသူကိုယ်တိုင်ပြုပြင်နိုင်သောအစိတ်အပိုင်းများမပါဝင်ပါ။




- တီဗွီကိုမိုးရေစိုခြင်း၊ အပူဓာတ်လွန်ကဲခြင်းမျိုးမဖြစ်ပါစေနှင့်။ ဤတီဗွီအားရေတစ်စက်စက်ကျခြင်း၊ ရေဖိတ်စင်ခြင်းမရှိပါစေနှင့်။ ပန်းအိုးများကဲ့သို့ရေဖြည့်ထားသောအရာဝတ္ထုများကိုတီဗွီ၏အပေါ်ဘက်တွင်မထားပါနှင့်။
- တီဗွီ၏လေဝင်လေထွက်ပေါက်များထဲသို့ပြင်ပအရာများမဝင်ပါစေနှင့်။
- တီဗွီကိုအင်းဆက်ပိုးမွှားများအလွယ်တကူဝင်ရောက်နိုင်သည့်နေရာတွင်ထားပါကယင်ကောင်များ၊ ပင့်ကူများ၊ ပုရွက်ဆိတ်များအစရှိသည့်အင်းဆက်များသည်တီဗွီထဲသို့ဝင်ကာတီဗွီပျက်စီးခြင်း၊ တီဗွီ၏မြင်သာသောနေရာများ(ဥပမာ–တီဗွီမျက်နှာပြင်အတွင်း) တွင်ညပ်နေခြင်းဖြစ်နိုင်ပါသည်။
- အာမခံချက်မရှိသောစားပွဲတင်ဒေါက်/စက်အထိုင်ကိရိယာကိုမသုံးပါနှင့်။ စားပွဲတင်ဒေါက်များကိုတပ်ဆင်ရန်အတွက်ပန်နာသိုးနစ်မှတာဝန်ရှိသူများနှင့်ဆွေးနွေးပါ။
- စက်၏ပုံဖော်မျက်နှာပြင်ကိုအားပြင်းပြင်းဖြင့်ဖိခြင်း၊ ထိခိုက်မိခြင်းမရှိပါစေနှင့်။
- ကလေးများကိုတီဗွီပေါ်မတက်ပါစေနှင့်။




- တီဗွီကိုစောင်းနေသောနေရာ၊ မညီညာသောမျက်နှာပြင်တွင်မထားပါနှင့်။ တီဗွီကိုစားပွဲ၏အစွန်းတွင်မထားပါနှင့်။

### အရေးကြီးသတိပေးချက်များ

တီဗွီကိုမညီညာသောနေရာတွင်မထားပါနှင့်။ တီဗွီပြုတ်ကျ၍ပြင်းထန်စွာထိခိုက်အနာတရဖြစ်မှု၊ အသက်ဆုံးရှုံးမှုများဖြစ်နိုင်ပါသည်။ အောက်ပါကြိုတင်ကာကွယ်ရေးသတိပေးချက်များကိုလိုက်နာခြင်းဖြင့်(အထူးသဖြင့်ကလေးငယ်များအတွက်) ထိခိုက်အနာတရဖြစ်မှုများကိုရှောင်ရှားနိုင်ပါသည်။

- တီဗွီထုတ်လုပ်သူမှအကြံပြုထားသောတီဗွီစင်များ၊ ခုံများကိုသုံးခြင်း။
- တီဗွီကိုလုံခြုံစွာထောက်ပံ့ပေးနိုင်သောပရိဘောဂပစ္စည်းများကိုသာသုံးခြင်း။
- တီဗွီကိုထောက်ပံ့ထားသောပရိဘောဂ၏အစွန်းတွင်မရောက်စေရန်သတိပြုခြင်း။
- ပရိဘောဂနှင့်တီဗွီကိုသင့်လျော်သောအထောက်အပံ့ဖြင့်ချိတ်ဆက်ထားခြင်းမရှိဘဲပရိဘောဂအမြင့်ပေါ်တွင်တီဗွီကိုမထားခြင်း။
- တီဗွီနှင့်ထောက်ပံ့ထားသောပရိဘောဂအကြားရှိအဝတ်(သို့) အခြားအရာဝတ္ထုများပေါ်တွင်တီဗွီကိုမထားခြင်း။
- တီဗွီ(သို့) တီဗွီထိန်းချုပ်ရေးခလုတ်များကိုကိုင်တွယ်ရန်ပရိဘောဂပေါ်သို့တက်ခြင်း၏အန္တရာယ်များကိုကလေးများအားပညာပေးခြင်း။

အကယ်၍တီဗွီကိုထိန်းသိမ်းခြင်း၊ နေရာရွှေ့ခြင်းလုပ်ပါကအထက်ပါအချက်များကိုထည့်သွင်းစဉ်းစားသင့်ပါသည်။




- ဤတီဗွီသည်စားပွဲတင်သုံးရန်သာဖြစ်သည်။
- တီဗွီကိုနေရောင်ခြည်ရသော(တိုက်ရိုက်) နေရာနှင့်အခြားအပူဓာတ်ရှိနိုင်သောနေရာများတွင်မထားပါနှင့်။



**မီးမကူးစေရန်ဖယောင်းတိုင်များ၊ အခြားမီးလောင်စေသောအရာများကိုဤပစ္စည်းနှင့်အမြဲဝေးဝေးတွင်ထားပါ။**

## ■ အသက်ရှူကြပ်ခြင်းဘေးအန္တရာယ်

### အရေးကြီးသတိပေးချက်များ

- ဤထုတ်ကုန်ကိုထုတ်ပိုးမှုသည်အသက်ရှူကြပ်စေပြီးအချို့အစိတ်အပိုင်းများသည်သေးငယ်သောကြောင့်ကလေးငယ်များအတွက်အသက်ရှူကြပ်စေနိုင်သည်။ ဤအစိတ်အပိုင်းများကိုကလေးငယ်များလက်လှမ်းမမှီနိုင်သောနေရာတွင်ထားပါ။

## ■ ပုံဖော်မျက်နှာပြင်

**သတိပေးချက်**





- တီဗွီကိုသန့်ရှင်းရန်အတွက်တီဗွီမျက်နှာပြင်ကို ရေ(သို့) ဆပ်ပြာရည်တိုက်ရိုက်ဖြန်းခြင်းမျိုး မလုပ်ပါနှင့်။အရည်များယိုစိမ့်လာခြင်းသည် တီဗွီကိုပျက်စီးနိုင်ပါသည်။
- တီဗွီ(ရှေ့ နှင့်နောက်) တွင်ကြောင်များ၊ ကြွက်များ၊ အခြားတိရစ္ဆာန်များသေးပန်းခြင်းမပြုပါစေနှင့်။ တီဗွီပျက်စီးနိုင်ပါသည်။
- တီဗွီဖန်သားပြင်ပေါ်တွင်ချွန်ထက်၍မာကျောသောအရာများ(လက်သည်းများ၊ ခဲတံများ အစရှိသဖြင့်) ကိုမသုံးပါနှင့်။

## ■ စားပွဲတင်ဒေါက်

**အရေးကြီးသတိပေးချက်များ**

- စားပွဲတင်ဒေါက်ကိုဖြုတ်ခြင်း၊ ပြုပြင်ခြင်းမလုပ်ပါနှင့်။

**သတိပေးချက်**

- ဤတီဗွီအတွက်ပေးထားသောစားပွဲတင်ဒေါက်မှလွဲ၍အခြားစားပွဲတင်ဒေါက်များကိုမသုံး ပါနှင့်။
- အကယ်၍စားပွဲတင်ဒေါက်ပုံပျက်ခြင်း(သို့) ရုပ်ပိုင်းဆိုင်ရာပျက်စီးသွားပါကအသုံးမပြုပါနှင့်။ ဤသို့ဖြစ်လျှင်အနီးဆုံးပန်နာဆိုးနစ်အရောင်းကိုယ်စားလှယ်ကိုချက်ချင်းဆက်သွယ်ပါ။
- စက်တပ်ဆင်နေစဉ်မူလီများကိုတင်းကျပ်ခိုင်မြဲစွာတပ်ဆင်ပါ။
- စားပွဲတင်ဒေါက်ကိုတပ်ဆင်နေစဉ်တီဗွီကိုထိခိုက်မှုမရှိပါစေနှင့်။
- ကလေးများကိုစားပွဲတင်ဒေါက်ပေါ်သို့မတက်ပါစေနှင့်။
- တီဗွီကိုစားပွဲတင်ဒေါက်မှအနည်းဆုံးလူနှစ်ဦးသုံး၍တပ်ဆင်ခြင်း(သို့) ဖြုတ်ခြင်းပြုလုပ်ပါ။
- တီဗွီကိုသတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းအတိုင်းတပ်ဆင်ခြင်း(သို့) ဖြုတ်ခြင်းပြုလုပ်ပါ။

## ■ ရေဒီယိုလှိုင်းများ

**အရေးကြီးသတိပေးချက်များ**

- တီဗွီကိုဆေးဖက်ဆိုင်ရာအဖွဲ့ အစည်းများရှိဆေးဖက်ဆိုင်ရာကိရိယာများဖြင့်မသုံးပါနှင့်။ ရေဒီယိုလှိုင်းများသည်ဆေးဖက်ဆိုင်ရာကိရိယာကြောင့်အနှောင့်အယှက်ဖြစ်၍စက်ချွတ် ယွင်းမှုကြောင့်မတော်တဆမှုများဖြစ်ပေါ်စေနိုင်ပါသည်။
- တီဗွီကိုအလိုအလျောက်တံခါးများ၊ မီးအချက်ပေးခလုတ် များကဲ့သို့အလိုအလျောက်ထိန်း ချုပ်သောကိရိယာများအနားတွင်မထားပါနှင့်။ ရေဒီယိုလှိုင်းများသည်အလိုအလျောက်ထိန်း ချုပ်ကိရိယာကြောင့်အနှောင့်အယှက်ဖြစ်၍စက်ချွတ်ယွင်းမှုကြောင့်မတော်တဆထိခိုက်မှု များရှိနိုင်ပါသည်။
- အကယ်၍နှလုံးခုန်နှုန်းထိန်းကိရိယာကိုတပ်ဆင်ထားပါကတီဗွီမှအနည်းဆုံး ၁၅ စင်တီမီတာ အကွာအဝေးတွင်ထားပါ။ ရေဒီယိုလှိုင်းများသည်နှလုံးခုန်နှုန်းထိန်းကိရိယာလည်ပတ်မှုကို အနှောင့်အယှက်ပေးနိုင်ပါသည်။
- တီဗွီကိုမည်သည့်နည်းနှင့်မျှဖြုတ်ခြင်း၊ ပြင်ခြင်းမပြုပါနှင့်။

## ■ စက်အတွင်းပါကြိုးမဲ့လန်(LAN)

**သတိပေးချက်**

- သင်အသုံးပြုခွင့်မရှိသည့်(SSID*)အခြားကြိုးမဲ့ကွန်ရက်ကိုချိတ်ဆက်ရန်စက်အတွင်း ပါကြိုးမဲ့လန်(LAN) ကိုမသုံးပါနှင့်။ထိုကွန်ယက်များကိုရှာဖွေမှုရလဒ်အဖြစ်စာရင်းပြနိုင် သည်။ သို့သော်၄င်းတို့ကိုအသုံးပြုခြင်းသည်တရားမဝင် ဝင်ရောက်မှုအဖြစ်သတ်မှတ်နိုင် သည်။ *SSID သည်ကြိုးမဲ့အင်တာနက်ကိုထုတ်လွှင့်ရန်အတွက်သတ်မှတ်ထားသည့် အမည်ဖြစ်သည်။
- စက်အတွင်းပါကြိုးမဲ့လန်(LAN) ကိုမြင့်မားသောအပူချိန်များ၊ နေရောင်ခြည်တိုက်ရိုက် (သို့)အစိုဓာတ်များနှင့်မထိတွေ့ပါစေနှင့်။
- ရေဒီယိုလှိုင်းများမှတစ်ဆင့်ကူးယူရရှိနိုင်သည့်ဒေတာကိုကြားဖြတ်ယူနိုင်သည်။
- စက်အတွင်းပါကြိုးမဲ့လန်(LAN) သည် ၂.၄ ဂစ်ဂါဟတ်စ်နှင့် ၅ ဂစ်ဂါဟတ်စ်ကြိမ်နှုန်း ခွင်များကိုအသုံးပြုသည်။ စက်အတွင်းပါကြိုးမဲ့လန်(LAN) ကိုအသုံးပြုသည့်အခါရေဒီ ယိုလှိုင်း၏အနှောင့်အယှက်ကြောင့်ဖြစ်ပေါ်လာသောစက်ချို့ယွင်းမှုများနှင့်တုန့်ပြန်မှုနှေး ခြင်းမဖြစ်စေရန်တီဗွီကိုအခြားကြိုးမဲ့လန်(LAN)ကိရိယာများ၊ မိုက်ကရိုဝေ့ဗ်မီးဖိုများ၊ မိုဘိုင်းဖုန်းများကဲ့သို့ ၂.၄ ဂစ်ဂါဟတ်စ်နှင့် ၅ ဂစ်ဂါဟတ်စ်ထုတ်လွှင့်ချက်များအသုံးပြုသော အခြားကိရိယာများ၏အဝေးတွင်ထားပါ။
- လျှပ်စီးကြောင့်ပြဿနာဖြစ်ပါကတီဗွီသည်သူ့အလိုလိုလည်ပတ်မှုရပ်သွားနိုင်ပါသည်။ ထိုအခါတီဗွီကိုလျှပ်စစ်ပါဝါအဖွင့်၊ အပိတ်ခလုတ်တွင်တီဗွီကိုပိတ်၍နောက်တစ်ကြိမ်ပြန်ဖွင့် ပါ။

## ■ ဘလူးတုကြိုးမဲ့နည်းပညာ

**သတိပေးချက်**

- တီဗွီသည် ၂.၄ ဂစ်ဂါဟတ်စ်ရေဒီယိုကြိမ်နှုန်းရှိသည့်အိုင်အက်စ်အမ်ဘန်းဘလူးတု (Bluetooth®)ကိုအသုံးပြုသည်။ရေဒီယိုလှိုင်းအနှောင့်အယှက်ကြောင့်စက်ချွတ်ယွင်း ခြင်းတုံ့ပြန်မှုနှေးခြင်းများမဖြစ်စေရန်တီဗွီကိုအခြားကြိုးမဲ့လန်(LAN)ကိရိယာများ၊အခြား ဘလူးတု(Bluetooth) ကိရိယာများ၊ မိုက်ကရိုဝေ့ဗ်မီးဖိုများ၊ မိုဘိုင်းဖုန်းများနှင့် ၂.၄ ဂစ်ဂါဟတ်စ် ကိုထုတ်လွှင့်ချက်သုံးသည့်ကိရိယာများနှင့်ဝေးဝေးတွင်ထားပါ။

## ■ လေဝင်လေထွက်စနစ်

**သတိပေးချက်**

အချို့အီလက်ထရောနစ်အစိတ်အပိုင်းများကိုအလုပ်လုပ်မှုရပ်တန့်စေနိုင်သည့်အပူလွန်ကဲမှုကို ကာကွယ်နိုင်ရန်တီဗွီပတ်ပတ်လည်တွင်လုံလောက်သောနေရာလွတ်(အနည်းဆုံး ၁၀ စင်တီမီတာ) ထားပါ။






- လေဝင်လေထွက်စနစ်သည်သတင်းစာများ၊ စားပွဲခင်းများ၊ လိုက်ကာများကြောင့်လေဝင် လေထွက်အပေါက်ကိုပိတ်ဆို့ခြင်းမျိုးမရှိရပါ။
- စားပွဲတင်ဒေါက်ကိုသုံးသည်ဖြစ်စေ၊ မသုံးသည်ဖြစ်စေ၊ တီဗွီ၏အောက်ခြေရှိလေဝင်လေ ထွက်ပေါက်များသည်ပိတ်ဆို့ခြင်းမရှိရဘဲလေဝင်လေထွက်ကောင်းစွာရရှိနိုင်ရန်လုံလောက် သောနေရာလွတ်ရှိရပါမည်။

## ■ တီဗွီကိုရွှေ့ခြင်း

**သတိပေးချက်**

တီဗွီကိုမရွှေ့မီကေဘယ်ကြိုးများကိုဖြုတ်ပါ။

- တီဗွီကိုမရန်အနည်းဆုံးလူနှစ်ယောက်လိုပါသည်။
  တီဗွီကိုစောင်းခြင်း၊ပြုတ်ကျခြင်းကြောင့်အန္တရာယ်မဖြစ်စေရန်ပုံတွင်ပြထားသည့်အတိုင်း တီဗွီကိုမပါ။



## ■ အချိန်အတော်ကြာအသုံးမပြုသည့်အခါ

**သတိပေးချက်**

ပလပ်ခေါင်းသည်လျှပ်စစ်ဝင်နေသောပလပ်ခုံတွင်တပ်ထားသည့်ကာလပတ်လုံးအပိတ်စနစ်ဖြစ်နေသည့်အချိန်တွင်ပင်တီဗွီသည်လျှပ်စစ်ဝင်နေပါသည်။

- တီဗွီကိုအချိန်အတော်ကြာအသုံးမပြုပါကပလပ်ခုံမှပလပ်ခေါင်းကိုဖြုတ်ပါ။

## ■ အသုံးပြုမှုအခြေအနေများ

**သတိပေးချက်**

- ဤကိရိယာသည်အပူပိုင်းရာသီအတွက်အသုံးပြုရန်ရည်ရွယ်ပါသည်။

## ■ အလွန်အကျွံချဲ့ခြင်း

**သတိပေးချက်**

- သင်၏နားတွင်နားကြပ်ကိုအသံကျယ်လောင်စွာမဖွင့်ပါနှင့်။ နားကန်းနိုင်ပါသည်။
- နားထဲတွင်တဖြုန်းဖြုန်းမြည်သံကြားပါကအသံကိုလျှော့ခြင်း(သို့)အသုံးပြုမှုကိုခေတ္တရပ်ခြင်းပြုလုပ်ပါ။



## ■ အဝေးထိန်းကိရိယာအတွက်ဓာတ်ခဲများ

**သတိပေးချက်**

- မှားယွင်းစွာတပ်ဆင်ခြင်းသည်ဓာတ်ခဲယိုစိမ့်ခြင်း၊အက်ဆစ်စားခြင်း၊ပေါက်ကွဲခြင်းဖြစ်နိုင်သည်။
- အမျိုးအစားတူညီသောဓာတ်ခဲဖြင့်သာအစားထိုးပါ။
- ဓာတ်ခဲအဟောင်းနှင့်အသစ်ရောမသုံးပါနှင့်။
- ဓာတ်ခဲအမျိုးအစားများကိုရောမသုံးပါနှင့်။(အယ်ကာလိုင်းနှင့်မန်ဂနိစ်ဓာတ်ခဲကဲ့သို့)
- အားပြန်သွင်း၍သုံးနိုင်သောဓာတ်ခဲများကိုမသုံးပါနှင့်။(Ni-Cd အစရှိသည့်)
- ဓာတ်ခဲကိုမီးရှို့ခြင်း၊ချိုးဖဲ့ခြင်းမပြုလုပ်ပါနှင့်။
- ဓာတ်ခဲကိုနေရောင်ခြည်၊မီးကဲ့သို့အပူလွန်ကဲသောအရာများနှင့်မထိတွေ့ပါစေနှင့်။
- ဓာတ်ခဲကိုမှန်ကန်သည့်နေရာတွင်ပစ်ပါ။
- ဓာတ်ခဲယိုစိမ့်ခြင်း၊အက်စစ်စားခြင်း၊ပေါက်ကွဲခြင်းကိုကာကွယ်ရန်စက်ကိုအချိန်အတော်ကြာအသုံးမပြုသည့်အခါဓာတ်ခဲကိုဖြုတ်ထားပါ။

# တွဲဖက်ပစ္စည်းများ

**အဝေးထိန်းကိရိယာ**

- N2QAYB001189

➡ (စာမျက်နှာ-၁၅)



**စားပွဲတင်ဒေါက်**

➡ (စာမျက်နှာ-၇၊၈၊၉)



**မီးကြိုးထိန်းပစ္စည်း(၂ခု)**

➡ (စာမျက်နှာ-၁၃)



**ဓာတ်ခဲ(၂)လုံး**

- R6

➡ (စာမျက်နှာ-၁၆)



**အသုံးပြုပုံလမ်းညွှန်ချက်များ**

- တွဲဖက်ပစ္စည်းများကိုအတူမထားပါနှင့်။ထိုပစ္စည်းများကိုမရည်ရွယ်ဘဲမလွှင့်ပစ်မိစေရန်ဂရုပြုပါ။

**မှတ်ချက်**

- အထက်ပါသရုပ်ဖော်ပြချက်များသည်မော်ဒယ်နှင့်နိုင်ငံအပေါ်မူတည်၍ကွဲပြားနိုင်ပါသည်။

# တီဗွီကိုတပ်ဆင်ခြင်း

## စားပွဲတင်ဒေါက်ကိုတပ်ဆင်ခြင်း/ဖြုတ်ခြင်း

### ပြင်ဆင်ချက်များ

ကတ်ထူပုံးမှစားပွဲတင်ဒေါက်နှင့်တီဗွီကိုထုတ်၍တီဗွီကိုစားပွဲပေါ်တွင်မှောက်ထားပြီးတီဗွီဖန်သားမျက်နှာပြင်အောက်တွင်သန့်ရှင်း၍နူးညံ့သောအဝတ်(စောင်)ကိုခင်းပါ။

- တီဗွီထက်ပိုကြီးသည့်ညီညာ၍ခိုင်ခံ့သောစားပွဲကိုသုံးပါ။
- တီဗွီဖန်သားမျက်နှာပြင်ကိုမကိုင်ပါနှင့်။
- တီဗွီကိုခြစ်ခြင်း၊ ရိုက်ခွဲခြင်းမပြုပါနှင့်။

### စားပွဲတင်ဒေါက်တပ်ဆင်ခြင်း

- စားပွဲတင်ဒေါက်ကိုတပ်ဆင်ရန်အောက်ပါပုံစံများထဲမှနည်းလမ်းတစ်ခုကိုရွေးပါ။
- အောက်တွင်ပြထားသောနည်းလမ်းများမှလွဲ၍အခြားနည်းလမ်းများကိုသုံး၍စားပွဲတင်ဒေါက်ကိုမတပ်ဆင်ပါနှင့်။

■ ပုံစံ ၁



၁



၂



■ ပုံစံ ၂







#### တီဗွီမှစားပွဲတင်ဒေါက်ကိုတပ်ဆင်ခြင်း

နံရံကပ်ဒေါက်ကိုသုံးခြင်း(သို့) တီဗွီကိုပြန်လည်ထုတ်ပိုးခြင်းပြုသည့်အခါအောက်ပါနည်းလမ်းအတိုင်းစားပွဲတင်ဒေါက်ကိုဖြုတ်ပါ။

၁ တီဗွီကိုစားပွဲပေါ်တွင်မှောက်ထား၍ဖန်သားမျက်နှာပြင်အောက်တွင်သန့်ရှင်းနူးညံ့သောအဝတ်ကိုခင်းပါ။

၂ တီဗွီမှစားပွဲတင်ဒေါက်ကိုဖြုတ်ပါ။

# နံရံကပ်ဒေါက်ကိုတပ်ဆင်ခြင်း

ထောက်ခံချက်ပေးထားသောနံရံကပ်စင်အားဝယ်ယူရန်သင့်၏ဒေသဆိုင်ရာပန်နာဆိုးနစ်ရောင်းချသူထံသို့ဆက်သွယ်ပေးပါ။

- နံရံကပ်စင်အားတပ်ဆင်ရန်အတွက်အပေါက်များ

  တီဗွီ၏အနောက်ဘက်




က: ၄၀၀မီလီမီတာ

ခ: ၃၀၀မီလီမီတာ



(ဘေးဖက်မှမြင်ကွင်း)

**ဝက်အူ၏အနက်**

**အနည်း : ၁၀မီလီမီတာ**

**အများဆုံး : ၂၂မီလီမီတာ**

**အချင်း: M6**

တီဗွီအားနံရံကပ်စင်တွင်တပ်ဆင်သောအခါအသုံးပြုသည့်ဝက်အူ(တီဗွီနှင့်အတူတစ်ပါတည်းမပါဝင်ပါ။)

## အရေးကြီးသတိပေးချက်များ

- အခြားနံရံကပ်စင်များအားအသုံးပြုခြင်း(သို့) နံရံကပ်စင်များအားကိုယ်တိုင်တပ်ဆင်ခြင်းသည်သင့်ကိုယ်သင်ဒဏ်ရာအနာတရရရှိစေနိုင်သည့်အပြင်စက်ပစ္စည်းအားပျက်စီးမှုတို့ကိုလည်းဖြစ်ပေါ်စေနိုင်ပါသည်။ စက်၏လုပ်ဆောင်ချက်နှင့်လုံခြုံမှုကိုထိန်းသိမ်းနိုင်ရန်အတွက်ပစ္စည်း၏ရောင်းချသူ(သို့) လိုင်စင်ရကန်ထရိုက်တာထံနံရံကပ်စင်များကိုမေးမြန်းရယူပါ။ အရည်အသွေးပြည့်ဝသောတပ်ဆင်ပေးသူမပါဘဲတပ်ဆင်ပါကထိခိုက်ပျက်စီးမှုတို့ရှိနိုင်ပြီးထိုကဲ့သို့ပျက်စီးမှုရှိပါကသင်၏အာမခံချက်ကိုပျက်ပြယ်သွားစေနိုင်ပါသည်။
- ရွေးချယ်နိုင်သည့်ဆက်စပ်ပစ္စည်းများနှင့်အတူပါရှိသောလမ်းညွှန်ချက်များအားသေချာစွာဂရုတစိုက်ဖတ်ပေးပါ။ တီဗွီအားပြုတ်ကျခြင်းမှကာကွယ်နိုင်ရန်အဆင့်များကိုသေချာစွာလိုက်နာပါ။
- တပ်ဆင်ရာတွင်တီဗွီအားသေချာစွာတပ်ဆင်ပေးပါ။ အဘယ့်ကြောင့်ဆိုသော်တီဗွီအားပစ္စည်းများဖြင့်တိုက်မိခြင်းဖြစ်ပေါ်ပါကစက်ချို့ယွင်းသွားနိုင်သောကြောင့်ဖြစ်ပါသည်။
- နံရံကပ်စင်များအားနံရံ(သို့) တပ်ဆင်ရာတွင်သတိဖြင့်တပ်ဆင်ပါ။ နံရံကပ်စင်အားမတပ်ဆင်မီနံရံထဲတွင်လျှပ်စစ်ကေဘယ်ကြိုးများ(သို့)ပိုက်များမရှိနေစေရန်သတိပြုပေးပါ။
- ပြုတ်ကျခြင်းနှင့်ဒဏ်ရာရခြင်းတို့မှကာကွယ်နိုင်ရန်တီဗွီအားလုံးဝအသုံးမပြုတော့သောအချိန်တွင်၎င်းအားတပ်ဆင်ထားသောနံရံမှဖြုတ်ထားပေးပါ။

## အောက်ခံခုံအပေါက်အကာ(နံရံအထိုင်)

### မှတ်ချက်

- နံရံတွင်မတပ်ဆင်မီအောက်ခံခုံ၏အပေါက်တိုင်းအားပေးထားသောတိပ်ဖြင့်ကပ်ထားပေးပါ။ အောက်ရှိပုံအားမှီငြမ်းကြည့်ရှုနိုင်ပါသည်။
- ပြင်ပမှပစ္စည်းများအောက်ခြေခုံအပေါက်ထဲသို့ဝင်ခြင်းမှတားဆီးနိုင်ရန်အောက်ခြေခုံအပေါက်အားလုံးအားတိပ်ဖြင့်သေချာကာကွယ်ပေးပါ။



# ဆက်သွယ်မှုများ

- ပြင်ပ ပစ္စည်းနှင့်ကေဘယ်ကြိုးများသည်ဤတီဗွီနှင့်အတူပါဝင်ခြင်းမရှိပါ။
- ကေဘယ်ကြိုးများအားတပ်ခြင်း(သို့)ဖြုတ်ခြင်းမပြုလုပ်မီစက်အားအဓိကပလပ်ပေါက်မှ ဖြုတ်ထားပေးပါ။
- ကေဘယ်ပလပ်ပေါက်အမျိုးအစားနှင့်ကေဘယ်ပလပ်များကိုက်ညီမှုရှိမရှိစစ်ဆေးပါ။
- ဝါယာအပြည့်ပါသောသင့်လျော်သည့် HDMI ကေဘယ်ကြိုးအားသုံးစွဲပါ။ အရည်အသွေးမြင့်ပုံရိပ်များအတွက်ချိတ်ဆက်ရာတွင်မြန်နှုန်းမြင့် HDMI ကေဘယ်ကြိုးအား အသုံးပြုပေးပါ။
- တီဗွီအားအီလက်ထရောနစ်ပစ္စည်း(ဗီဒီယိုစက်အစရှိသည့်)(သို့) အနီရောင်အောက်အာရုံခံကိရိယာပါဝင်သောပစ္စည်းတို့၏ဝေးရာတွင်ထားရှိပေးပါ။ သို့မဟုတ်ပါကပုံရိပ်/အသံတို့ပြတ်တောက်ခြင်း(သို့)အခြားပစ္စည်းများလည်ပတ်မှုထိခိုက်ခြင်းတို့ဖြစ်ပေါ်လာနိုင်ပါသည်။
- ချိတ်ဆက်ထားသောပစ္စည်း၏လမ်းညွှန်စာအုပ်ကိုလည်းကျေးဇူးပြု၍ဖတ်ရှုပေးပါ။

## ကေဘယ်ကြိုးများကိုတပ်ဆင်ခြင်း(သို့) ဖြုတ်ခြင်းမပြုမီ

- ကေဘယ်ကြိုးများကိုတပ်ဆင်ခြင်း (သို့)ဖြုတ်ခြင်း မပြုမီ ကေဘယ်အဖုံး /အပေါက်အဖုံးကို ဖယ်ပါ။
- ချိတ်ဆက်မှုများပြီးဆုံးသည့်အခါကေဘယ်အဖုံး /အပေါက်အဖုံးများကိုတပ်ပါ။

➡ စာမျက်နှာ(၁၄)




## အပေါက်များ




၁. မော်ဒယ်နံပါတ်ပြား

၂. နားကြပ်ပလပ်ပေါက်

၃. HDMI ၁–၂ စာမျက်နှာ(၁၁)

၄. ယူအက်စ်ဘီ ၁–၃ အပေါက်

⎓ ဤသင်္ကေတသည်ဒီစီ လျှပ်စစ်ပတ်လမ်းလည်ပတ်မှုကိုရည်ညွှန်းသည်။

၅. အီသာနက်အပေါက်(စာမျက်နှာ၁၁)

၆. အင်တာနာအပေါက်(စာမျက်နှာ၁၀)

၇. HDMI ၃

၈. ဒစ်ဂျစ်တယ်အသံထွက်သည့်အပေါက်

HDMI ကြိုးဖြင့်ချိတ်ဆက်အသုံးပြုလျှင်4K ရုပ်ထွက်ဖြင့်ကြည့်နိုင်သည်။ (စာမျက်နှာ၁၁)

၉. အေဗွီအဝင်(ကွန်ပိုးနန့် /ဗွီဒီယို)(စာမျက်နှာ၁၂)

## အခြေခံအချိတ်အဆက်များ

### ■ မိန်းကြိုး



## ■ အင်တာနာ

ကမ္ဘာ့မြေပြင်ဆိုင်ရာဒစ်ဂျစ်တယ်ဝန်ဆောင်မှုများအားလက်ခံနိုင်ရန်အတွက်အထူးကြော်ငြာစာများ

- အကယ်၍သင့်အနေနှင့်အင်နာလော့နှင့်ဒစ်ဂျစ်တယ်တီဗွီအချက်ပြချက်များအားမတူညီသောအင်တာနာ၂ခုဖြင့်လက်ခံရယူခဲ့ပါကအာအတ်ဖ်(RF)ရောနှောရေးပစ္စည်းကိုအသုံးပြု၍၎င်းတို့အားရောနှောပေါင်းစည်းပေးပါ။

တီဗွီ




၁ အာအက်ဖ်(RF)ကေဘယ်ကြိုး
၂ အာအက်ဖ်(RF)ရောနှောရေးပစ္စည်း
၃ အင်တာနာ(ဒစ်ဂျစ်တယ်တီဗွီ)
၄ အင်တာနာ(ဒစ်ဂျစ်တယ်တီဗွီ)

- အကယ်၍သင့်အနေနှင့်အင်နာလော့တီဗွီအချက်ပြချက်များအားကေဘယ်တီဗွီကွန်ရက်မှတစ်ဆင့်လက်ခံရရှိပါကဒစ်ဂျစ်တယ်တီဗွီအချက်ပြချက်များအားလက်ခံရရှိရန်အင်တာနာလိုအပ်ပါသည်။ ယခုကိစ္စတွင်အာအက်ဖ်(RF) ရောနှောရေးပစ္စည်းအားအသုံးပြုခြင်းကိုထောက်ခံချက်မပေးပါ။ အဘယ့်ကြောင့်ဆိုသော်တီဗွီအချက်ပြချက်များသည်တစ်ခုနှင့်တစ်ခုအနှောင့်အယှက်ပေးနိုင်သောကြောင့်ဖြစ်သည်။
- အင်နာလော့နှင့်ဒစ်ဂျစ်တယ်တီဗွီအချက်ပြချက်များအားကူးပြောင်းနိုင်ရန်အာအတ်ဖ်(RF) ရွေးချယ်ရေးပစ္စည်းရှိသည်။

တီဗွီ




၁ အာအက်ဖ်(RF)ကေဘယ်ကြိုး
၂ အာအက်ဖ်(RF)ရွေးချယ်ရေးပစ္စည်း
၃ အင်တာနာ(ဒစ်ဂျစ်တယ်တီဗွီ)

တီဗွီ




၁ အာအက်ဖ်(RF)ကေဘယ်ကြိုး
၂ အင်တာနာ

- ဒစ်ဂျစ်တယ်တီဗွီ၊ အင်နာလော့တီဗွီအတွက်
- ပုံရိပ်ပြတ်တောက်မှုမဖြစ်ပေါ်စေရန်တီဗွီနှင့်အာအတ်ဖ်ကေဘယ်ကြားတွင်နေရာလွတ်ထားပေးပါ။
- ဆူညံမှုမဖြစ်ပေါ်စေရန်အာအက်ဖ် (RF)ကေဘယ်ကြိုးအားအဓိကပလပ်နှင့်အတူမထားပါနှင့်။
- အာအက်ဖ်(RF)ကေဘယ်ကြိုးအားတီဗွီအောက်တွင်ထားရှိခြင်းမပြုလုပ်ပါနှင့်။
- သင့်လျော်ကောင်းမွန်သောရုပ်သံအရည်အသွေးအားရရှိစေရန်အင်တာနာ၊ မှန်ကန်သောကေဘယ်(၇၅ Ω ဝင်ရိုးအေး) နှင့်မှန်ကန်သောအဆုံးသတ်ပလပ်များအားလိုအပ်ပါသည်။
- အကယ်၍အများသုံးအင်တာနာစနစ်ကိုအသုံးပြုပါကနံရံရှိအင်တာနာစင်နှင့်တီဗွီကြားတွင်မှန်ကန်သောချိတ်ဆက်သည့်ကေဘယ်နှင့်ပလပ်တို့ကိုသင့်အနေနှင့်လိုအပ်ကောင်းလိုအပ်နိုင်သည်။
- သင်နှင့်သက်ဆိုင်သောနေရာဒေသတွင်မှန်ကန်သောအင်တာနာစနစ်နှင့်လိုအပ်သောဆက်စပ်ပစ္စည်းများအားရရှိစေနိုင်ရန်သင်၏ဒေသဆိုင်ရာတီဗွီဝန်ဆောင်မှုဌာန(သို့) ရောင်းချသူသည်သင့်အားအကူအညီပေးနိုင်ပါလိမ့်မည်။
- အင်တာနာတပ်ဆင်ခြင်း၊ ရှိပြီးသားစနစ်များ(သို့) လိုအပ်သောဆက်စပ်ပစ္စည်းများအားအဆင့်မြှင့်တင်ခြင်းတို့နှင့်သက်ဆိုင်သည့်ကိစ္စများအတွက်ကျသင့်သောအဖိုးအခများသည်ဝယ်ယူသူ၏တာဝန်သာဖြစ်သည်။
- သင့်လျော်ကောင်းမွန်သောရုပ်သံအရည်အသွေးအားရရှိစေနိုင်ရန်အတွက်အင်တာနာ(သို့) ကေဘယ်တီဗွီကွန်ရက်တစ်ခုခုအားရွေးချယ်ပါ။
- အကယ်၍အင်တာနာအားမမှန်ကန်သောနေရာတွင်တပ်ဆင်မိပါကရုပ်သံပြတ်တောက်မှုဖြစ်ပေါ်နိုင်ပါသည်။







## အဖွဲ့စက်ပစ္စည်းများ

### ■ ဒီဗွီဒီရုပ်သံဖမ်းစက်/ဘလူးတရုပ်သံဖမ်းစက်အစရှိသည့်

တီဗွီ




၁ အာအက်ဖ်(RF)ကေဘယ်ကြိုး
၂ HDMI ကေဘယ်ကြိုး
၃ ဒီဗွီဒီရုပ်သံဖမ်းစက်/ဘလူးတရုပ်သံဖမ်းစက်အစရှိသည့်
၄ အင်တာနာ

### ■ ရုပ်သံဖမ်းစက်

တီဗွီ




၁ HDMI ကေဘယ်ကြိုး
၂ ရုပ်သံဖမ်းစက်
၃ ဂြိုလ်တုစလောင်း

## ကွန်ရက်

အင်တာနက်ဝန်ဆောင်မှုများအားအသုံးပြုရန်ကြိုးမဲ့အင်တာနက်ကွန်ရက်လိုအပ်ပါသည်။

- အကယ်၍သင့်တွင်ဘရော့ဘန်းကွန်ရက်ဝန်ဆောင်မှုများမရှိပါကအကူအညီရယူရန်သင်၏ လက်လီဖြန့်ချီသူနှင့်ဆွေးနွေးတိုင်ပင်ပါ။
- ဝါယာဖြင့်ဆက်သွယ်မှု(သို့) ဝါယာမဲ့ဆက်သွယ်မှုများအတွက်အင်တာနာပတ်ဝန်းကျင်အား ပြင်ဆင်ပေးပါ။
- တီဗွီကိုပထမအကြိမ်အသုံးပြုသည့်အခါကွန်ရက်ချိတ်ဆက်စနစ်ကိုချိန်ညှိပါ။ (စာမျက်နှာ၁၇)

## ■ ဝါယာဖြင့်ဆက်သွယ်မှု

တီဗွီ




၁ လန်း(LAN) ကေဘယ်(အကာပါသော)
  - အကာပါသောကြိုးအလိမ်တစ်စုံ(အက်စ်တီပီ)(STP)လန်း(LAN)ကေဘယ်ကြိုး

## ■ ဝါယာမဲ့ဆက်သွယ်မှု




၁ ဝါယာမဲ့လန်(LAN)

၂ အချက်အလက်ရယူနိုင်ရန်နေရာ

## ဖိုးကေ(4K)/အိတ်ချ်ဒီအာ(HDR) ဖြင့်အံဝင်ခွင်ကျဖြစ်သောစက် အတွက်ချိတ်ဆက်မှုများ

တီဗွီ




၁ HDMI ကေဘယ်

၂ 4K/HDR ဖြင့်အံဝင်ခွင်ကျဖြစ်သောစက်

- အရည်အသွေးမြင့်4K (သို့) HDR ရုပ်သံအားကြည့်ရှုနိုင်ရန် 4K ဖြင့်အံဝင်ခွင်ကျ ဖြစ်သောစက်အား HDMI ၁(သို့) ၂အပေါက်တွင်ချိတ်ဆက်တပ်ဆင်ပါ။
- 4K ဖြင့်အံဝင်ခွင်ကျဖြစ်သောစက်အား 4K ဖြင့်အံဝင်ခွင်ကျဖြစ်သောကေဘယ်နှင့် HDMI အပေါက်တွင်တပ်ဆင်အသုံးပြုပါကသင်သည်ရုပ်သံအား 4K ပုံစံဖြင့်ကြည့် ရှုနိုင်မည်ဖြစ်သည်။
- HDR အားထောက်ခံမှုပေးထားခြင်းသည်တီဗွီမျက်နှာပြင်၏အလင်းအားထုတ်လွှတ်နိုင် စွမ်းမတိုးမြင့်စေနိုင်ပါသည်။

## ■ [HDMI] အလိုအလျောက်ဆက်တင်(ဖွဲ့စည်းပုံမီနူး)

4K ဖြင့်အံဝင်ခွင်ကျဖြစ်သောစက်အားတပ်ဆင်ရာတွင်အရောင်အားဖြင့်ပို၍ကျယ်ပြန့်သော ကာလာရောင်စဉ်များဖြင့်ပုံရိပ်များကိုပို၍တိကျစွာပြန်လည်ထုတ်လုပ်ပေးပါသည်။ စက်အပေါ် မူတည်၍မုဒ်ရွေးချယ်နိုင်ပါသည်။

[မုဒ်၁]:
ပို၍အံဝင်ခွင်ကျဖြစ်နိုင်ရန်အတွက်။ HDMI အဝင်ရှိအရုပ်(သို့) အသံသည်ကောင်းမွန် စွာပြသခြင်းမရှိပါက [မုဒ်၁]: တွင်ထားရှိပေးပါ။

[မုဒ် ၂]:
4K ဖြင့်အံဝင်ခွင်ကျဖြစ်သောစက်အတွက်ဖြစ်သည်။ ၎င်းစက်သည်ပုံရိပ်အားပို၍ကျယ် ပြန့်သောကာလာရောင်စဉ်ဖြင့်တိကျစွာထုတ်ဖော်ပေးနိုင်သည်။

- မုဒ်အားပြောင်းလဲရန်
  ၁. စက်အားဆက်သွယ်ထားသော HDMI အဝင်အားရွေးချယ်ပါ။
  ၂. မီနူးအားပြသ၍[HDMI ၂.၀ ဆက်တင်](ဖွဲ့စည်းပုံမီနူး) အားရွေးချယ်ပါ။
- ရရှိနိုင်သောမုဒ်အကြောင်းအားသိရှိနိုင်ရန်အတွက်(အင်တာနက်အကူအညီ) အားမှီငြမ်းရ ယူပါ။ (ရည်ရွယ်ချက်ဖြင့်ရှာဖွေခြင်း> ကြည့်ရှုခြင်း> ပုံရိပ် ရရှိနိုင်သော4Kပုံစံ>HDMI နှင့်ချိတ်ဆက်မှုအတွက်အလိုအလျောက်ချိန်ညှိပေးခြင်း)အတိုင်းရှာပါ။

## အခြားဆက်သွယ်မှုများ

## ■ ဒီဗွီဒီပြသစက်

(ကွန်ပို့နန့်စက်)

တီဗွီ




၁ ဒီဗွီဒီပြသစက်

၂ အသံကေဘယ်(ကာကွယ်ထားသော)

၃ ရုပ်သံကေဘယ်(ကာကွယ်ထားသော)

## ■ လက်ကိုင်ဗွီဒီယိုကင်မရာ/ဂိမ်းစက်

(ဗွီဒီယိုစက်)

တီဗွီ




၁ လက်ကိုင်ဗွီဒီယိုကင်မရာ/ဂိမ်းစက်

၂ အသံကေဘယ်(ကာကွယ်ထားသော)

၃ ရုပ်သံကေဘယ်(ကာကွယ်ထားသော)

## ■ အသံချဲ့စက်(ပြင်ပစပီကာများဖြင့်နားထောင်ခြင်း)

- ပြင်ပစက်ပစ္စည်း(ဥပမာ ဒီဘီ(DOLBY)ဒီဂျစ်တယ်ရှ.၁လက်မ)မှလိုင်းပေါင်းစုံအသံအားနားဆင်နိုင်ရန်၎င်းစက်ပစ္စည်းအားအသံချဲ့စက်နှင့်ချိတ်ဆက်လိုက်ပါ။ ဆက်သွယ်မှုများနှင့်ပက်သက်သည့်သတင်းအချက်အလက်အတွက်စက်ပစ္စည်းနှင့်အသံချဲ့စက်တို့၏အသုံးပြုပုံလမ်းညွှန်များကိုဖတ်ရှုပေးပါ။

တီဗွီ




၁ HDMI ကေဘယ်ကြိုး

၂ စပီကာစနစ်ပါဝင်သောအသံချဲ့စက်

၃ ပြင်ပစက်ပစ္စည်း(ဒီဗွီဒီပြစက်အစရှိသည့်)

- HDMI 2 အားအသုံးပြု၍တီဗွီအားအသံချဲ့စက်နှင့်ဆက်သွယ်ပေးပါ။ ၎င်းအသံချဲ့စက်တွင်အေအာစီဟုခေါ်သည့်အသံပြန်ချန်နယ်လုပ်ဆောင်ချက်ပါရှိသည်။ အသံချဲ့စက်အားအေအာစီလုပ်ဆောင်ချက်မပါရှိဘဲဆက်သွယ်ထားပါကဒစ်ဂျစ်တယ်အသံအထွက်အားအသုံးပြုပေးပါ။

တီဗွီ




၁ ကေဘယ်ကြိုး

၂ ဒစ်ဂျစ်တယ်အသံအဝင်

၃ ဥပမာ စပီကာစနစ်ပါဝင်သောအသံချဲ့စက်

## ■ နားကြပ်များ

- အသံဆက်တင်များနှင့်သက်ဆိုင်သည့်အချက်အလက်များအတွက်(အင်တာနက်အကူအညီ)အားမိုငြမ်းကြည့်ရှုပေးပါ။ (ရည်ရွယ်ချက်ဖြင့်ရှာဖွေသည်(Purpose) >ဆက်တင်များ(Setting)> အသံ(Audio))။

တီဗွီ




## ■ ယူအက်စ်ဘီအိတ်ချ်ဒီဒီ (USBHDD) (အသံဖမ်းယူခြင်းအတွက်)

- ယူအက်စ်ဘီအိတ်ချ်ဒီဒီ (USBHDD)အားချိတ်ဆက်ရာတွင်ယူအက်စ်ဘီ(USB) အပေါက်အားအသုံးပြုပါ။
- အတိအကျသိနိုင်ရန်(အင်တာနက်အကူအညီ) အားမိုငြမ်းကြည့်ရှုပေးပါ။(ရည်ရွယ်ချက်ဖြင့်ရှာဖွေသည်(Purpose) >အသံဖမ်းယူခြင်း (Recording) )

## ■ ပန်နာဆိုးနစ်၏ရုပ်သံပစ္စည်းများကိုတီဗွီအဝေးထိန်းချုပ်မှုကိရိယာတစ်ခုတည်းဖြင့်ထိန်းချုပ်နိုင်သည့်ဖန်ရှင်

- ထိန်းချုပ်ဖန်ရှင်ချိတ်ဆက်မှုအတွက် HDMI၁-၃ကိုသုံးပါ။
- အတိအကျသိနိုင်ရန်(အင်တာနက်အကူအညီ) အားမိုငြမ်းကြည့်ရှုပေးပါ။(ရည်ရွယ်ချက်ဖြင့်ရှာဖွေသည်(Purpose) >ထိန်းချုပ်ဖန်ရှင်အိတ်ချ်ဒီအေဗွီအိုင်ထိန်းချုပ်မှု တီအမ်အတိုင်းရှာပါ။

## ကေဘယ်အထားအသို

ကေဘယ်ကြိုးများကိုစားပွဲတင်ဒေါက်အဖုံးကိုသုံး၍တပ်ဆင်ပါ။




၁. စားပွဲတင်ဒေါက်အဖုံးကိုဖယ်ရန် လက်ကိုင်ဘုနေရာကိုတွန်းပါ။(A-A & B-B)




၂. စားပွဲတင်ဒေါက်တွင်ကေဘယ်ကြိုးကိုတပ်ဆင်ပြီးနောက်ကေဘယ်ကြိုးအဖုံးကိုပိတ်ပါ။ ကေဘယ်ကြိုးအဖုံးကိုပြည့်စုံစွာတပ်ဆင်ပါ။



ပေးထားသောကေဘယ်ကြိုးထိန်းပစ္စည်းများကိုသုံး၍ကေဘယ်ကြိုးကိုတပ်ဆင်ပါ။

၁. နစ်ဖက်တပ်တိတ်ကိုဖယ်၍တီဗွီနောက်တွင်မီးကြိုးထိန်းပစ္စည်းများကိုတပ်ဆင်ပါ။




၂. ချက်ကိုဖွင့်၍ကေဘယ်ကြိုးကိုမီးကြိုးထိန်းပစ္စည်းများတွင်တပ်ဆင်ပါ။



၃. ကေဘယ်ကြိုးကိုချိတ်၍ချက်ကိုပိတ်ပါ။



၄. ကေဘယ်ကြိုး၏ဘယ်နှင့်ညာကိုပုံတွင်ပြထားသည့်အတိုင်းတပ်ဆင်ပါ။




အမျိုးအစား(၁) (စားပွဲတင်ဒေါက်အပြင်ဘက်)




အမျိုးအစား(၂) (စားပွဲတင်ဒေါက်အတွင်းဘက်)

**မှတ်ချက်**

- ကေဘယ်ကြိုးများကိုလိုအပ်သလိုတပ်ဆင်ပါ။
- ကေဘယ်ကြိုးများကိုတပ်ဆင်ရန် တပ်ဆင်ခြင်းလမ်းညွှန်စာအုပ်အတိုင်းလိုက်နာပါ။

**ကေဘယ်အဖုံး /အပေါက်အဖုံးကိုတပ်ခြင်း**

- ကေဘယ်အဖုံး /အပေါက်အဖုံးကိုဖိအားသုံး၍မတပ်ပါနှင့်။
- တီဗွီနှင့်ကေဘယ်အဖုံး /အပေါက်အဖုံးအကြားတွင်ကေဘယ်ကြိုးများမညပ်မိအောင်ဂရုပြုပါ။
- USB 2 အပေါက်သို့HDMI 3 အပေါက်(သို့)ဒစ်ဂျစ်တယ်အသံထွက်သည့်အပေါက်ကိုသုံးသည့်အခါကေဘယ်အဖုံးကိုမတပ်ပါနှင့်။ဖြုတ်ထားသောကေဘယ်အဖုံးကိုနောင်တွင်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။
- အေဗွီအပေါက်သို့အသုံးပြုသည့်အပေါက်အဖုံးကိုမတပ်ပါနှင့်။ဖြုတ်ထားသောကေဘယ်အဖုံးကိုနောင်တွင်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။



# ထိန်းချုပ်ရေးခလုတ်များအားထိန်းချုပ်သတ်မှတ်ခြင်း

## အဝေးထိန်းကိရိယာ




၁ [⏻]: တီဗွီအားအဖွင့်/အပိတ်လုပ်ပေးသည်(အဆင်သင့်)

၂ (Guide) တီဗွီလမ်းညွှန်

၃ (Menu) (အဓိကလမ်းညွှန်)

- ရုပ်ပုံ၊အသံ၊ကွန်ရက်၊တိုင်မာ၊ချိန်ညှိချက်နှင့်အကူအညီပေးသည့်မီနူးများကိုရယူရန်နှိပ်ပါ။

၄ (Teletext Button) တယ်လီစာသားခလုတ်

၅ (Information) အချက်အလက်

- ချန်နယ်လိုင်းနှင့်အစီအစဉ်တို့၏အချက်အလက်တို့ကိုပြသသည်။

၆ Netflix (နက်ဖလစ်)

- နက်ဖလစ်(Netflix)ဝန်ဆောင်မှုအားတိုက်ရိုက်ရယူနိုင်သည်။
- ဤလုပ်ဆောင်ချက်အားအပြည့်အဝအသုံးပြုနိုင်ရန်အင်တာနက်ကြိုးမဲ့ချိတ်ဆက်ကွန်ရက်ပတ်ဝန်းကျင်အားလိုအပ်သည်။
- ဤလုပ်ဆောင်မှုသည်ကြော်ငြာထားခြင်းမရှိဘဲရပ်တန့်သွားခြင်း(သို့) ပြောင်းလဲခြင်းဖြစ်နိုင်ပါသည်။

၇ OK (အိုကေ)

- ရွေးချယ်ခြင်းနှင့်ရွေးချယ်မှုများအားအတည်ပြုပေးသည်။
- ချန်နယ်လိုင်းအားလျင်မြန်စွာရွေးချယ်ရာတွင်နှိပ်နိုင်သည်။
- ချန်နယ်လိုင်းမီနူးအားပြသသည်။

၈ [Option Menu] (ရွေးချယ်ရေးမီနူး)

- အရုပ်၊အသံစသည်တို့ကိုရွေးချယ်ရေးအတွက်လွယ်ကူစေသောဆက်တင်

၉ (Coloured buttons) အရောင်ပါသောခလုတ်များ (အနီ-အစိမ်း-အဝါ-အပြာ)

- ရွေးချယ်ခြင်း၊ညွှန်ပြခြင်းနှင့်လုပ်ငန်းလည်ပတ်ခြင်းစသည့်အမျိုးမျိုးသောလုပ်ဆောင်ချက်များအတွက်အသုံးပြုနိုင်သည်။

၁၀ (Volume Up/Down)အသံအတိုး/အကျယ်

၁၁ (Numeric buttons) နံပါတ်ပါသောခလုတ်များ

- ချန်နယ်လိုင်းနှင့်တယ်လီစာသားစာမျက်နှာဖုံးများအားပြောင်းလဲသည်။
- ကာရိုက်တာများကိုအတည်ပြုသည်။
- တီဗွီဖွင့်ရန် အနေအထား မုဒ်တွင်ရှိသည့်အခါတီဗွီသည်ပွင့်လာမည်။

၁၂ (eHelp) (အင်တာနက်အကူအညီ)

- (အင်တာနက်အကူအညီ) (စက်အတွင်းပါသောလုပ်ငန်းလည်ပတ်မှုလမ်းညွှန်ချက်များ) ကိုပြသသည်။

၁၃ (My App) (ကျွန်ုပ်၏အက်ပလီကေးရှင်း)

- အကြိုက်ဆုံးအက်ပလီကေးရှင်းတစ်ခုကိုသာသတ်မှတ်သည်။သတ်မှတ်ပြီးသည့်အခါ၄င်းခလုတ်အားနှိပ်၍အက်ပလီကေးရှင်းအားအလွယ်တကူစတင်အသုံးပြုနိုင်သည်။
- အသေးစိတ်သိနိုင်ရန်(အင်တာနက်အကူအညီ) အားမိုငြမ်းကြည့်ရှုပေးပါ။(ရည်ရွယ်ချက်ဖြင့်ရှာဖွေသည်(Purpose) >ဟုမ်း(Home)> အက်ပ်များ (Apps) )

၁၄ (Input mode selection) (အဝင်မုဒ်ရွေးချယ်ခြင်း)

- တီဗွီ-ဒီဂျစ်တယ်တီဗွီ/အင်နာလော့တီဗွီအားရွေးချယ်သည်။
- အေဗွီ-အဝင်ရွေးချယ်ရေးမီနူးမှအေဗွီအဝင်မုဒ်အားရွေးချယ်သည်။

၁၅ (Audio Description) (အသံဖော်ပြချက်)

- (အသံဖော်ပြချက်)အားပြသသည်။

၁၆ (Subtitle) (စာတန်းထိုး)

- (စာတန်းမီနူး)အားပြသသည်။

၁၇ (Exit) (ထွက်ပေါက်)

- ပုံမှန်ကြည့်ရှုနေသည့်မျက်နှာပြင်အားပြန်သွားသည်။

၁၈ (Home) (ဟုမ်း)

- (ဟုမ်း)ကိုပြသသည်။
- အသေးစိတ်သိရှိနိုင်ရန်(အင်တာနက်အကူအညီ) အားမိုငြမ်းကြည့်ရှုနိုင်ပါသည်။(ရည်ရွယ်ချက်ဖြင့်ရှာဖွေသည်(Purpose) >ပထမဦးဆုံးဖတ်ပါ။(Read First)> အင်္ဂါရပ်များ (Feature)> ဟုမ်း(Home) )

၁၉ (Apps) (အက်ပ်များ)

- (အက်ပ်များ) (အက်ပလီကေးရှင်းများစာရင်း)ကိုပြသသည်။

၂၀ (Cursor buttons) (အညွှန်မြှားခလုတ်များ)

- ရွေးချယ်မှုများနှင့်ညှိနှိုင်းမှုများကိုပြုလုပ်သည်။

၂၁ (Return) (ပြန်သွားသည်)

- ပြီးခဲ့သောမီနူး/စာမျက်နှာကိုပြန်သွားသည်။

၂၂ (Channel Up/Down) (အညွှန်မြှားခလုတ်များ)

၂၃ (Sound Mute On/ Off ) (အသံတိတ်ခြင်းအဖွင့်/အပိတ်)

၂၄ (Last View) (နောက်ဆုံးကြည့်ရှုခဲ့မှု)

၂၅ (Operations for contents, connected equipment,etc) (ဟတ်ကာများ၊ချိတ်ဆက်ထားသောစက်ပစ္စည်းတို့အတွက်လုပ်ငန်းဆောင်တာလည်ပတ်ရေး)

၂၆ ပုံပန်းသွင်ပြင်

- ပုံပန်းသွင်ပြင်အချိုးအစားကိုပြောင်းသည်။

## ■ ဓာတ်ခဲများတပ်ဆင်ခြင်း/ဖြုတ်ယူခြင်း




## တစ်စုံတစ်ရာကိုနှိပ်ရန်ပြသည့်ကိရိယာ /ထိန်းချုပ်မှုမျက်နှာပြင်

၄၅၆ ခလုတ်ကိုနှိပ်သည့်အခါ ပုံစံမျက်နှာပြင်လမ်းညွှန်သည်တီဗွီမျက်နှာပြင်၏ညာဘက်ထောင့်တွင်မည်သည့်ခလုတ်နှိပ်ထားသည်ကိုပြရန် သုံးစက္ကန့်ကြာပေါ်လာပါမည်။




တီဗွီ၏အနောက်ဘက်ခြမ်း

### မှတ်စု

- ညွှန်ပြရေးခလုတ်များ၏နေရာသည်မော်ဒယ်များအပေါ်မူတည်၍ပြောင်းလဲနိုင်သည်။

**၁ ပါဝါအယ်လ်အီးဒီ (LED)**

အနီ : အဆင်သင့်

အစိမ်း : အဖွင့်

- ပတ်ဝန်းကျင်အလင်းပေါ်မူတည်၍အယ်အီးဒီ၏အလင်းကိုအလွယ်တကူမြင်နိုင်သောအဆင့်သို့အလိုအလျောက်ချိန်ညှိနိုင်သည်။

လိမ္မော် : တစ်ချို့လုပ်ဆောင်ချက်များ(အသံသွင်းခြင်းအစရှိသည်) တို့စတင်လုပ်ဆောင်နိုင်ရန်အဆင်သင့်

- တီဗွီသည်အဝေးထိန်းကိရိယာမှညွှန်ကြားချက်ကိုရရှိချိန်တွင် အယ်လ်အီးဒီမီးသည်မှိတ်တုတ်မှိတ်တုတ်ဖြစ်သွားသည်။

**၂ ပတ်ဝန်းကျင်အာရုံခံကိရိယာ**

- အကယ်၍(ပတ်ဝန်းကျင်အာရုံခံကိရိယာ) ကိုဗွီဒီယိုမီနူးထဲတွင်(အဖွင့်)ထားထားပါကရုပ်ပုံအရည်အသွေးအားချိန်ညှိပေးရန်အလင်းရောင်အားအာရုံခံပေးသည်။

**၃ အဝေးထိန်းကိရိယာအချက်ပြလက်ခံစက်**

- အဝေးထိန်းကိရိယာနှင့်အဝေးထိန်းကိရိယာအချက်ပြလက်ခံစက်နှစ်ခုကြားတွင်မည်သည့်အရာဝတ္ထုပစ္စည်းမှမထားရှိပါနှင့်။

**၄ အဝင်မုဒ်ရွေးချယ်ခြင်း**

- လိုချင်သောမုဒ်ရောက်ရှိသည်အထိကြိမ်ဖန်များစွာနှိပ်ပေးနိုင်သည်။

**(အဓိကစာရင်း)**

- ၃စက္ကန့်ကြာအောင်ဖိပြီးနှိပ်ထားပေးခြင်းအားဖြင့်အဓိကမီနူးအားပြသသည်။

**(အိုကေ)** (မီနူးစနစ်ထဲရောက်ရှိနေချိန်တွင်)

**၅ ချန်နယ်လိုင်းအထက်/အောက်**

- အထက်/အောက်ရွှေ့ပေးသည်။ (မီနူးစနစ်ထဲရောက်ရှိနေချိန်တွင်)

**၆ အသံအတိုး/အကျယ်**

- ဘယ်/ညာရွှေ့ပေးသည်။ (မီနူးစာရင်းထဲထည့်ပေးသည်။)

**၇ အဓိကပါဝါအဖွင့်/အပိတ်ခလုတ်**

- အဓိကပါဝါအားအဖွင့်/အပိတ်လုပ်ရာတွင်အသုံးပြုသည်။
- စက်အားအပြီးပြတ်လိုပါကအဓိကပလပ်ပေါက်မှအဓိကပလပ်အားဆွဲဖြုတ်ရမည်ဖြစ်သည်။
- [⏻/|: အဆင်သင့်/အဖွင့်

# ပထမဦးဆုံးအကြိမ်အလိုအလျောက်ရုပ်သံဖမ်းခြင်း

တီဗွီအားပထမဦးဆုံးအကြိမ်ဖွင့်သည့်အချိန်တွင်၎င်းသည်ရရှိနိုင်သောတီဗွီချန်နယ်လိုင်းများအားအလိုအလျောက်ရှာဖွေခြင်းနှင့်တီဗွီအားဖွဲ့စည်းတည်ဆောက်နိုင်ရန်အတွက်ရွေးချယ်စရာများပေးခြင်းတို့ကိုပြုလုပ်ပေးလိမ့်မည်။

- အကယ်၍ဖွဲ့စည်းတည်ဆောက်ပုံအားသင်၏ဒေသဆိုင်ရာလက်လီဖြန့်ဖြူးရောင်းချသူမှအပြည့်အစုံပြုလုပ်ပေးမည်ဆိုပါကယခုအဆင့်များသည်မလိုအပ်ပါ။
- အလိုအလျောက်ရုပ်သံဖမ်းခြင်းအားမစတင်မီဆက်သွယ်မှုများ(စာမျက်နှာ၉–၁၄)နှင့်ဆက်သွယ်မည့်စက်ပစ္စည်း၏ဆက်တင်(အကယ်၍လိုအပ်ပါက)တို့အားပြီးပြည့်စုံအောင်ပြုလုပ်ပါ။ဆက်သွယ်ထားသောပစ္စည်း၏ဆက်တင်အကြောင်းအချက်အလက်ကိုသိရှိလိုပါက၎င်းပစ္စည်း၏အသုံးပြုပုံလမ်းညွှန်အားဖတ်ရှုပေးပါ။

## ၁ လျှပ်စီးဝင်နေသောအဓိကပလပ်ပေါက်ထဲသို့တီဗွီအားပလပ်သွင်း၍ပါဝါအားဖွင့်ပါ။

POWER • ပါဝါဖွင့်ရန်အတွက်စက္ကန့်အနည်းငယ်စောင့်ရသည်။






## ၂ အောက်ပါကိစ္စများကိုရွေးချယ်ခြင်း

ကိစ္စတစ်ခုချင်းစီအားအောက်တွင်ပါရှိသောမျက်နှာပြင်ပေါ်ရှိလမ်းညွှန်ချက်များအတိုင်းဖွဲ့စည်းတည်ဆောက်ပါ။

ဥပမာ




### ■ အဝေးထိန်းကိရိယာအားအသုံးပြုပုံ




နေရာရွှေ့ပါ။




ကိစ္စရပ်၏အချက်အလက်ကိုရယူပါ။/ဆက်တင်အားသိမ်းဆည်းပါ။

RETURN



ပြီးပြီးသားကိစ္စရပ်များအားပြန်သွားပါ။(အကယ်၍ရှိခဲ့ပါက)

**ဘာသာစကားအားရွေးချယ်သည်။**

**နိုင်ငံရွေးချယ်ရန်**

**အိမ် [HOME]ကိုရွေးချယ်ရန်**

အိမ်တွင်ကြည့်ရှုရန်အတွက်အိမ်ကို[HOME]ကိုရွေးပါ။

- ဆိုင်[SHOP]သည်ဆိုင်တွင်ပြသရန်အတွက်ဖြစ်သည်။
- ကြည့်ရှုမည့်ပတ်ဝန်းကျင်ကိုနောင်တွင်ပြောင်းရန်မူလအခြေအနေအားလုံးကိုဝင်၍ချိန်ညှိချက်အားလုံးကိုအစမှပြန်ချိန်ရန်လိုအပ်ပါသည်။

OTTဝန်ဆောင်မှုကြော်ငြာမျက်နှာပြင်

ကွန်ရက်ချိတ်ဆက်မှုကိုချိန်ညှိခြင်း

ရုပ်သံဖမ်းရမည့်တီဗွီလိုင်းစနစ်ကိုအမှန်ခြစ်၍

[အလိုအလျောက်ရုပ်သံဖမ်းခြင်းစတင်မည်]ကိုရွေးချယ်ပါ။

☑ : ရုပ်သံဖမ်းမည်(ရရှိနိုင်သောရုပ်သံလိုင်းများကိုရှာပါ။)

☐ : ရုပ်သံဖမ်းခြင်းကိုကျော်မည်။

- အာအက်ဖ်ရွေးချယ်ရေးပစ္စည်းကိုသုံးပါကအလိုအလျောက်ရုပ်သံဖမ်းခြင်းမစတင်မီဒစ်ဂျစ်တယ်တီဗွီလိုင်းကိုပြောင်းပါ။ဒစ်ဂျစ်တယ်တီဗွီစကန်ပြီးဆုံးသည်နှင့်တစ်ပြိုင်နက်အန်နာလော့ရုပ်သံလိုင်းများကိုရုပ်သံဖမ်းရန်အန်နာလော့တီဗွီလိုင်းကိုပြောင်းပါ။အချို့ရုပ်သံလိုင်းများကိုမှန်ကန်စွာရုပ်သံဖမ်း၍မရပါက [ဖွဲ့စည်းပုံ]စာရင်းရှိ [အလိုအလျောက်ရုပ်သံဖမ်းစက်]ဖြင့်ရုပ်သံဖမ်းကြည့်နိုင်ပါသည်။

နေရာဒေသကိုရွေးချယ်ပါ။(ဒစ်ဂျစ်တယ်တီဗွီ) | မလေးရှား |

**အလိုအလျောက်ရုပ်သံဖမ်းခြင်းသည်ယခုပြီးဆုံး၍တီဗွီကိုကြည့်ရှုရန်အတွက်အဆင်သင့်ဖြစ်ပါပြီ။**

အကယ်၍ရုပ်သံဖမ်းယူခြင်းအားမပြုလုပ်နိုင်ခဲ့ပါကအာအက်ဖ်ကေဘယ်၊ကွန်ရက်ချိတ်ဆက်မှုတို့အားစစ်ဆေး၍မျက်နှာပြင်တွင်ပြထားသောညွှန်ပြချက်များအားလိုက်နာပေးပါ။

**မှတ်ချက်**

- အကယ်၍တိုင်မာချိန်ညှိချက်ရှိ [အလိုအလျောက်အသင့်အနေအထား]ကို[ဖွင့်]သည့်အခါ၄နာရီကြာလည်ပတ်မှုမရှိသည့်အခါတွင်တီဗွီသည်အသင့်အနေအထားသို့ရောက်သွားမည်။
- အကယ်၍အချိန်ဖွဲ့စည်းပုံထဲရှိ(အချက်အလက်မရှိပါကပါဝါပိတ်)ကို(ဖွင့်)ထားပါကမည်သည့်လုပ်ငန်းလည်ပတ်မှုမရှိသည့်အချိန်နှင့်မည်သည့်အချက်အလက်မှမရရှိသည့်အချိန်သည်၁၀မိနစ်ကြာသွားပါလျှင်တီဗွီသည်အဆင်သင့်မုဒ်သို့ရောက်ရှိသွားလိမ့်မည်။
- ချန်နယ်လိုင်းအကုန်လုံးအားပြန်လည်ရုပ်သံဖမ်းယူရန်
  ➡ **(အလိုအလျောက်ရုပ်သံကိုဖမ်းယူခြင်း) ထဲရှိ(ရုပ်သံဖမ်းယူခြင်းမီနူး) (တီဗွီမီနူး)**
- ရရှိနိုင်ရန်တီဗွီချန်နယ်လိုင်းများအားနောက်မှထည့်သွင်းနိုင်ရန်
  ➡ **(တီဗွီလိုင်းကိုထည့်သွင်းသည်) ထဲရှိ(ရုပ်သံဖမ်းယူခြင်းမီနူး) (တီဗွီမီနူး)**
- ဆက်တင်အားလုံးစတင်ခြင်း
  ➡ **(ဖွဲ့စည်းပုံမီနူး) ထဲရှိ(စနစ်မီနူး) (တီဗွီမီနူး)**

# တီဗွီအားကြည့်ရှုခြင်း

## ၁ ပါဝါအားဖွင့်ပါ။

⏻/I (တီဗွီ) (အဝေးထိန်းကိရိယာ)

(သို့)

POWER

● အဓိကပါဝါအဖွင့်/အပိတ်ခလုတ်အားဖွင့်ထားသင့်သည်။

➡ (စာမျက်နှာ ၁၆)

## ၂ အစ်ဂျစ်တယ်တီဗွီ(သို့)အန်နာလော့တီဗွီကိုရွေးချယ်ပါ။

TV

● အဓိကပါဝါအဖွင့်/အပိတ်ခလုတ်အားဖွင့်ထားသင့်သည်။

## ၃ ချန်နယ်လိုင်းတစ်ခုအားရွေးချယ်ပေးပါ။

CH ∧ အပေါ်

CH ∨ အောက်

(သို့)

1 2 3 4 5 6 7 8 9 0

● ၂၃(သို့) ၂၃ထက်ပိုသောဂဏန်းနံပါတ်ပါရှိသည့်ချန်နယ်လိုင်းနေရာတစ်ခုအားရွေးချယ်နိုင်ရန်။ ဥပမာ ၃၉၉

3def 9wxyz 9wxyz

# အင်တာနက်အကူအညီအားအသုံးပြုပုံ

(အင်တာနက်အကူအညီ)သည်တီဗွီထဲတွင်ပါဝင်သောတိကျသည့်လုပ်ငန်းဆောင်တာလည်ပတ်ရေးညွှန်ကြားချက်များဖြစ်သည်။ လုပ်ဆောင်ချက်တစ်ခုချင်းစီ၏လုပ်ငန်းလည်ပတ်မှုအားပိုမိုနားလည်နိုင်စေရန်ပို၍တိကျသောရှင်းပြချက်ကိုထောက်ပံ့ပေးထားသည်။

## ၁ ပြသမှု(အင်တာနက်အကူအညီ)

? *e*HELP

(သို့)

MENU ➡ [Help] ➡ [eHELP]

● အကယ်၍တီဗွီပြီးနောက်(အင်တာနက်အကူအညီ)ကိုယခင်ကဝင်ပြီးပါကအစတည်ပြုချက်မျက်နှာပြင်သည်(ပထမအချက်)(သို့) (နောက်ဆုံးကြည့်ရှုခဲ့သောမျက်နှာ)ကိုရွေးချယ်ရန်ပြသပါမည်။

## ၂ စာရင်းအားရွေးချယ်ပါ



① ရွေးချယ်ပါ။

② အချက်အလက်ရယူပါ။

● အချက်အလက်ရယူရန်(အသုံးပြုပုံ)

G (အစိမ်း)

**(အရေးကြီးသောစာလုံးရှာဖွေခြင်း):**

အင်တာနက်အကူအညီ၏အကြောင်းအရာအားအရေးကြီးသောစာလုံးဖြင့်ရှာဖွေခြင်း

**(ရည်ရွယ်ချက်ဖြင့်ရှာဖွေခြင်း):**

ကိစ္စရပ်တစ်ခုချင်းစီအတွက်အင်တာနက်အကူအညီ၏အကြောင်းအရာကိုရှာဖွေခြင်း

**(အထောက်အပံ့):**

အထောက်အပံ့ပေးသောသတင်းအချက်အလက်အားရယူခြင်း(အမေးများသောမေးခွန်းများအစရှိသည့်)

## ၃ ကိစ္စရပ်တစ်ခုအားရွေးချယ်ပါ။

ဥပမာ :



① ကိစ္စတစ်ခုအားရွေးချယ်ပါ။

② အချက်အလက်ရယူပါ။

နောက်ပြန်လှည့်သည်။

● တီဗွီမျက်နှာပြင်တွင်ညွှန်ကြားထားသည့်ယခင်မျက်နှာပြင်ကိုပြန်သွားရန်။

- သရုပ်ဖော်ချက်အားအထက်အောက်ရွှေ့လျားရန်(အကယ်၍စာမျက်နှာ ၁မျက်နှာပိုခဲ့ပါက) သရုပ်ဖော်ချက်သည်အထူးပြသထားစဉ်တွင်




- ရည်ညွှန်းချက်မျက်နှာပြင်အားဖွင့်ရန်(  → )




- ဖော်ပြချက်နှင့်သက်ဆိုင်သောမီနူးကိုဖွင့်ရန်(အချို့ဖော်ပြချက်များအတွက်သာ)



(အနီရောင်)

- ဤတီဗွီ၏လုပ်ဆောင်ချက်များအားစစ်ဆေးရန်

  (Purpose) ရည်ရွယ်ချက်ဖြင့်ရှာဖွေသည်> (Read First) အရင်ဦးစွာဖတ်သည်> (Features) လုပ်ဆောင်ချက်များ)

# အမေးများသောမေးခွန်းများ

ဝန်ဆောင်မှု(သို့) အကူအညီအားမတောင်းဆိုမီပြဿနာအားဖြေရှင်းနိုင်ရန်ရိုးရှင်းသောယခုလမ်းညွှန်မှုများအားကျေးဇူးပြု၍လိုက်နာပေးပါ။

- အတိအကျသိရှိနိုင်ရန်(အင်တာနက်အကူအညီ) အားမှီငြမ်းကြည့်ရှုပေးပါ။ (အထောက်အပံ့>အမေးများသောမေးခွန်းများ)

**တီဗွီပွင့်မလာခြင်း**

- အဓိကပလပ်သည်တီဗွီထဲနှင့်အဓိကပလပ်ပေါက်ထဲတွင်ရောက်ရှိနေမနေကိုစစ်ဆေးပါ။

**တီဗွီသည်အဆင်သင့်မုဒ်သို့ရောက်နေခြင်း**

- အလိုအလျောက်ပိတ်သည့်လုပ်ဆောင်ချက်အားစတင်လုပ်ဆောင်ထားသည်။

**အဝေးထိန်းကိရိယာအလုပ်မလုပ်ခြင်း(သို့)ပြတ်တောက်မှုဖြစ်ပေါ်ခြင်း**

- ဓာတ်ခဲများအားမှန်ကန်စွာတပ်ဆင်ထားပါသလား။ ➡ (စာမျက်နှာ ၁၆)
- တီဗွီအားခလုတ်ဖွင့်ထားပါသလား။
- ဓာတ်ခဲများအားကုန်နေခြင်းဖြစ်နေနိုင်ပါသည်။ ၎င်းတို့အားဓာတ်ခဲအသစ်များဖြင့်လဲလှယ်ပေးပါ။
- အချက်ပြကိရိယာအားတီဗွီရှိအချက်ပြကိရိယာ၏အချက်ပြလက်ခံစက်ထံသို့တိုက်ရိုက်ချိန်ရွယ်ပါ။ ( ၇မီတာခန့်နှင့် ၃၀ ဒီဂရီထောင့်ချိုးအတွင်း)
- တီဗွီအားနေရောင်နှင့်အခြားသောလင်းထိန်သည့်အရာများအဝေးတွင်ထားရှိပေးပါ။ သို့မှသာတီဗွီရှိအချက်ပြကိရိယာ၏အချက်ပြလက်ခံစက်အပေါ်တွင်အလင်းဝင်ခြင်းကင်းဝေးနိုင်မည်ဖြစ်သည်။

**မည်သည့်ရုပ်ပုံမှပြသမှုမရှိခြင်း**

- တီဗွီအားခလုတ်ဖွင့်ထားမထားစစ်ဆေးပေးပါ။
- အဓိကပလပ်သည်တီဗွီထဲနှင့်အဓိကပလပ်ပေါက်ထဲသို့ဝင်နေမနေစစ်ဆေးပါ။
- မှန်ကန်သောအဝင်မုဒ်အားရွေးချယ်ထားမထားစစ်ဆေးပါ။
- ပြင်ပစက်မှထုတ်ပေးသောအချက်ပြမှုသည်(အဝင်ရွေးချယ်မှု)ထဲရှိ(ကွန်ပို့စစ်) / (ကွန်ပို့နန့်)တို့နှင့်ကိုက်ညီမှုရှိမရှိစစ်ဆေးပါ။
- ဗွီဒီယိုမီနူးထဲရှိ(နောက်ခံအလင်း)၊(အဖြူအမဲခြားနားမှု)၊(အလင်းရောင်) (သို့) (အရောင်)တို့အားအနည်းဆုံးထားရှိထားပါသလား။
- တပ်ဆင်ရန်လိုအပ်သောကေဘယ်ကြိုးများနှင့်ချိတ်ဆက်မှုတို့အားလုံးနေရာတကျရှိမရှိကိုစစ်ဆေးပါ။

**တစ်မူထူးခြားနေသောပုံရိပ်များပြသခြင်း**

- အဓိကပါဝါအပိတ်/အဖွင့် ခလုတ်ကိုသုံး၍တီဗွီအားပိတ်လိုက်ပါ။ ပြီးနောက်၎င်းအားနောက်တစ်ကြိမ်ထပ်မံဖွင့်လိုက်ပါ။
- အကယ်၍ထိုပြဿနာသည်ဆက်လက်တည်ရှိနေပါကဆက်တင်အကုန်လုံးအားအစကနေပြန်လည်တည်ဆောက်ပါ။

  ➡ **(ဖွဲ့စည်းပုံမီနူး) ထဲရှိ(မူလအခြေအနေ)**

**ပြင်ပစက်ပစ္စည်းတစ်ခုအား HDMI ကြိုးဖြင့်ဆက်သွယ်ထားသည့်အခါ၎င်းစက်မှတစ်မူထူးခြားနေသောရုပ်ပုံ(သို့) အသံများထွက်ပေါ်လာခြင်း**

- (HDMI ၂.၀ဆက်တင်)(ဖွဲ့စည်းပုံမီနူး) အား(4K@ ၆၀ဟတ်စ် ၄း၂း၀ )တွင်ထားပါ။

➡ **(စာမျက်နှာ–၁၁)**

**အကြိုက်ဆုံးစာရင်း**

အမျိုးမျိုးသောရုပ်သံဌာနတို့မှထုတ်လွှင့်နေသောအကြိုက်ဆုံးရုပ်သံလိုင်းတို့အားကြည့်ရှုနေစဉ်တွင်စာရင်းတည်ဆောက်ခြင်း။

➡ **(အဓိကမီနူး)>တီဗွီ>ရုပ်သံဖမ်းခြင်းမီနူး>အကြိုက်ဆုံးစာရင်း**

- အဝေးထိန်းကိရိယာရှိ အိုကေ ခလုတ်အားနှိပ်ကာရုပ်သံလိုင်းများအားထည့်သွင်းခြင်း(သို့)ဖယ်ထုတ်ခြင်းပြုလုပ်နိုင်သည်။

**တီဗွီ၏အစိတ်အပိုင်းများပူလာခြင်း**

- တီဗွီ၏အစိတ်အပိုင်းများသည်ပူလာနိုင်ပါသည်။ ထိုကဲ့သို့အပူချိန်မြင့်လာခြင်းသည်လုပ်ဆောင်မှု(သို့)အရည်အသွေးပိုင်းအရပြဿနာပေါ်ပေါက်လာမှုမရှိနိုင်ပါ။

**တီဗွီမျက်နှာပြင်အားလက်ချောင်းဖြင့်တွန်းကြည့်သောအခါမျက်နှာပြင်သည်အနည်းငယ်ရွေ့သွားပြီးဆူညံသံတစ်ခုပေါ်ပေါက်လာခြင်း**

- မျက်နှာပြင်အားပျက်စီးမှုဒဏ်မှကာကွယ်နိုင်ရန်မျက်နှာပြင်တဝိုက်တွင်သေးငယ်သောဟာကွက်တစ်ခုပါရှိသည်။ ထိုကဲ့သို့ပါရှိခြင်းမှာချို့ယွင်းချက်ရှိနေခြင်းမဟုတ်ပါ။

**စုံစမ်းမေးမြန်းမှုအကြောင်း**

- အကူအညီရယူရန်အတွက်ကျေးဇူးပြု၍သင်၏ဒေသဆိုင်ရာပန်နာဆိုးနစ်ဖြန့်ချိရောင်းချသူအားဆက်သွယ်အကြောင်းကြားပါ။ အကယ်၍သင်သည်၎င်းတီဗွီမရှိသောနေရာမှစုံစမ်းမေးမြန်းမှုအားပြုလုပ်ပါကကျွန်ုပ်တို့အနေဖြင့်ချိတ်ဆက်မှုတို့အတွက်ကြည့်ရှု၍အတည်ပြုရန်လိုအပ်သောကိစ္စများအားပြန်လည်ဖြေကြားနိုင်မည်မဟုတ်ပါ။

**ရွေ့လျားနေသောပုံရိပ်သည်ချောမွတ်မှုမရှိခြင်း**

- အရည်အသွေးကောင်းမွန်သောပုံရိပ်ဖော်တည်ဆောက်မှုစနစ်သည်ပုံရိပ်ပါဝင်မှုနှုန်းအားတိုးပွားစေပြီးတုန်ခါမှုများအားဖယ်ရှားကာချောမွတ်ညီညာသောရုပ်ပုံထွက်မှုကိုဖြစ်ပေါ်စေသည်။
- အကယ်၍အချက်ပြမီးသည်ဆက်လက်ပွင့်နေပါကသင်၏တီဗွီအားရောင်းချသူထံ(သို့) ပန်နာဆိုးနစ်ဝန်ဆောင်မှုဌာနထံသို့ဆက်သွယ်အကြောင်းကြားပါ။

**အယ်လ်အီးဒီအချက်ပြမီးသည်အနီရောင်လင်းလာခြင်း**

- အကယ်၍အယ်လ်အီးဒီသည်အနီရောင်မီးလင်းလာပါကကျေးဇူးပြု၍တီဗွီအားလျှပ်စစ်ပလပ်ပေါက်မှပလပ်ဖြုတ်ကာအစမှပြန်ဖွင့်ပေးပါ။
- တစ်မိနစ်ခန့်ကြာပြီးသောအခါတီဗွီအားလျှပ်စစ်ပလပ်ပေါက်ထဲသို့ပလပ်ပြန်သွင်းပါ။
- အကယ်၍အချက်ပြမီးသည်ဆက်လက်ပွင့်နေပါကသင်၏တီဗွီအားရောင်းချသူထံ(သို့) ပန်နာဆိုးနစ်ဝန်ဆောင်မှုဌာနထံသို့ဆက်သွယ်အကြောင်းကြားပါ။

**အုပ်ထိန်းသူထိန်းချုပ်ရေးစကားဝှက်အားမေ့သွားခြင်း**

- ဆက်တင်အကုန်လုံးအားပြန်လည်စတင်လုပ်ဆောင်ပါ။

  ➡ **(ဖွဲ့စည်းပုံမီနူး)ထဲရှိ(မူလအခြေအနေ)**

# ထိန်းသိမ်းရေး

### ပထမဦးစွာအဓိကပလပ်ပေါက်မှအဓိကပလပ်ပေါက်အားဖြုတ်ယူပါ။

## တီဗွီမျက်နှာပြင်၊ နံရံ၊ ဗီရို၊ စားပွဲတင်ဒေါက်

**သာမန်ထိန်းသိမ်းမှု**

ဖုန်(သို့)လက်ဗွေရာတို့အားဖယ်ရှားနိုင်ရန်အတွက်တီဗွီမျက်နှာပြင်၊ ဗီရို(သို့)စားပွဲတင်ဒေါက်တို့အားနူးညံ့သောအဝတ်စဖြင့်ညင်သာစွာသုတ်ပေးပါ။

**သန့်ရှင်းရေးလုပ်ရန်ခက်သောဖုန်အတွက်**

(၁) ပထမဦးစွာမျက်နှာပြင်မှဖုန်အားသန့်ရှင်းရေးလုပ်ပါ။

(၂) နူးညံ့သောအဝတ်စအားသန့်ရှင်းသောရေ(သို့) ရေရောထားသောသန့်စင်ဆေးရည်(သန့်စင်ဆေးရည် ၁ဆကိုရေ အဆ ၁၀၀ )ဖြင့်စိုထိုင်းသွားအောင်ပြုလုပ်ပေးပါ။

(၃) အဝတ်အားရေသေချာညှစ်ပေးပါ။ (ကျေးဇူးပြု၍မှတ်ထားပါ။ တီဗွီထဲသို့အရည်ဝင်ခြင်းမဖြစ်ပါစေနှင့်။ ထိုကဲ့သို့ဖြစ်ပါကတီဗွီပျက်စီးမှုဖြစ်ပေါ်စေနိုင်ပါသည်။)

(၄) စိုစွတ်သွားအောင်သေချာစွာသုတ်၍သန့်ရှင်းရေးလုပ်ရန်ဖုန်များကိုဖယ်ထုတ်ပေးပါ။

(၅) နောက်ဆုံးအနေဖြင့်စိုစွတ်သွားသောနေရာများကိုသေချာစွာပြန်သုတ်ပေးပါ။

**သတိပေးချက်**

- ကြမ်းတမ်းသောအဝတ်အားအသုံးပြုခြင်း(သို့) မျက်နှာပြင်အားကြမ်းတမ်းသောပွတ်သုတ်ခြင်းမပြုလုပ်ပါနှင့်။ သို့မဟုတ်ပါကမျက်နှာပြင်ပေါ်တွင်အစင်းရာပေါ်ခြင်းကိုဖြစ်စေနိုင်ပါသည်။
- မျက်နှာပြင်အားအင်းဆက်နိုင်ဆေး၊ သုတ်ဆေး(သို့) အခြားသောအငွေ့ပျံနိုင်သောပစ္စည်းများဖြင့်မထိတွေ့စေရန်သတိထားပါ။ ထိုကဲ့သို့ထိတွေ့မိပါကမျက်နှာပြင်အရည်အသွေးကျဆင်းခြင်း(သို့)ဆေးရည်ကွာကျခြင်းများကိုဖြစ်ပေါ်စေနိုင်ပါသည်။
- တီဗွီ၏မျက်နှာပြင်အားသေချာကိုင်တွယ်ပါ။ ၎င်းသည်အလွယ်တကူထိခိုက်နိုင်သောကြောင့်ဖြစ်သည်။ မျက်နှာပြင်အားလက်သည်း(သို့)အခြားသောမာသောအရာဝတ္ထုများဖြင့်ခေါက်ခြင်း(သို့) ခြစ်ခြင်းမပြုလုပ်ရန်သတိထားပါ။
- ဗီရိုနှင့်အောက်ခံခုံတို့အားရာဘာ(သို့) ပစ္စည်းတို့ဖြင့်အချိန်ကြာမြင့်စွာထိတွေ့ခြင်းမဖြစ်ပါစေနှင့်။ ထိုကဲ့သို့ထိတွေ့ပါကမျက်နှာပြင်အရည်အသွေးကျဆင်းခြင်းကိုဖြစ်စေနိုင်ပါသည်။

## အဓိကပလပ်

အဓိကပလပ်အားခြောက်သွေ့သောအဝတ်ဖြင့်အချိန်မှန်မှန်ပွတ်သုတ်ပေးပါ။ စိုစွတ်မှုနှင့်ဖုန်တို့သည်မီးလောင်ခြင်း(သို့) ဓာတ်လိုက်ခြင်းတို့ကိုဖြစ်ပေါ်စေနိုင်ပါသည်။

# အသေးစိတ်အချက်အလက်များ

### ■ တီဗွီ

**မော်ဒယ်နံပါတ်.**

TH-65GX800K

TH-65GX800S

**အတိုင်းအတာ(အနံ×အမြင့်×အနက်)**

၁၄၅၄ မီလီမီတာ× ၉၁၅ မီလီမီတာ×၃၂၅ မီလီမီတာ(စားပွဲတင်ဒေါက်အပါအဝင်)
၁၄၅၄ မီလီမီတာ× ၈၄၀ မီလီမီတာ×၄၅ မီလီမီတာ(တီဗွီသာလျှင်)

**အလေးချိန်**

၃၀.၀ ကီလိုဂရမ်အသားတင်(စားပွဲတင်ဒေါက်အပါအဝင်)
၂၉.၀ ကီလိုဂရမ်အသားတင်(တီဗွီသာလျှင်)

**ပါဝါအရင်းအမြစ်**

TH-65GX800K:

အေစီ ～ ၂၂၀–၂၄၀ ဗို့, ၅၀ / ၆၀ ဟတ်စ်

TH-65GX800S:

အေစီအော်တို ～ ၁၁၀–၂၄၀ ဗို့, ၅၀ / ၆၀ ဟတ်စ်

**စွမ်းအင်သုံးစွဲမှုနှုန်းထား**

TH-65GX800K:
၁၈၅ ဝပ်

TH-65GX800S:
၁၈၈ ဝပ်

**အဆင်သင့်စွမ်းအင်သုံးစွဲမှု**

၀.၅၀ ဝပ်

**ကြည့်ရှုနိုင်သောမျက်နှာပြင်အရွယ်အစား(ထောင့်ဖြတ်)**

၁၆၄ စင်တီမီတာ

**မျက်နှာပြင်ရုပ်ထွက်အရည်အသွေး**

၃၈၄၀ (အနံ) × ၂၁၆၀ (အမြင့်)

**မျက်နှာပြင်**

အယ်လ်အီးဒီနောက်ခံအလင်းပေးထားသောအရည်ကြည်မျက်နှာပြင်

**အသံ**

**စပီကာအထွက်**

၂၀ ဝပ် (၁၀ ဝပ် + ၁၀ ဝပ်)

**နားကြပ်များ**

၃.၅ မီလီမီတာစတူဒီယိုပလပ်ခေါင်းအသေး ×၁စုံ

## ချိတ်ဆက်မှုအပေါက်များ

### အော့ဗ်ီအဝင်(ကွန်ပိုနန့်/ဗွီဒီယို)

#### ဗွီဒီယို

ပင်ဂျက်×၁

၁.၀ ဗို့[p-p] (၇၅ Ω)

**အသံ L - R**

ပင်ဂျက်×၂

၀.၅ဗို့[rms]

**Y**

၁.၀ဗို့[p-p] (တစ်ပြိုင်တည်းဖြစ်ခြင်း)

**PB/CB, PR/CR**

±၀.၃၅ ဠ[p-p]

---

**HDMI1 / 2 / 3 အဝင်**

Aအမျိုးအစားချိတ်ဆက်ပစ္စည်းများ

HDMI1 / 3:

4K, ပါဝင်သည့်ပစ္စည်းအမျိုးအစားများ, အရောင်အရင့်, x.v.Colour™

HDMI2:

4K, ပါဝင်သည့်ပစ္စည်းအမျိုးအစားများ, အသံပြန်လာသည့်ချန်နယ်လိုင်း, အရောင်အရင့်, x.v.Colour™

---

**ETHERNET (အီသာနက်)**

10BASE-T / 100BASE-TX

---

**USB(ယူအက်စ်ဘီ) 1 / 2 / 3**

USB 1: DC ⎓ 5 ဗို့, အများဆုံး. ၉၀၀ မီလီအမ်ပီယာ[အလွန်မြန်သော USB(ယူအက်စ်ဘီ) (USB 3.0)]

USB 2/3: DC ⎓ 5 ဗို့, အများဆုံး. ၅၀၀ မီလီအမ်ပီယာ [မြန်နှုန်းမြင့် ယူအက်စ်ဘီ USB (USB 2.0)]

---

### ဒစ်ဂျစ်တယ်အသံထွက်

PCM / Dolby(ဒိုဘီ) Digital, အလင်းဖန်မျှင်ကြိုး

### လက်ခံသောစနစ်များ/လိုင်းအမည်

| | စနစ်ဂုဒ္ | ဖန်ရှင် |
|---|---|---|
| ၁ | PAL B, G, H | ရုပ်သံထုတ်လွှင့်မှုဖမ်းယူခြင်းနှင့်ဗွီဒီယိုကတ်ဆက်တိပ်အသံဖမ်းစက်မှပြန်ဖွင့်ခြင်း |
| ၂ | PAL I | |
| ၃ | PAL D, K | |
| ၄ | SECAM B, G | |
| ၅ | SECAM D, K | |
| ၆ | SECAM K1 | |
| ၇ | NTSC M (NTSC ၃.၅၈/၄.၅မဂ်ဂါဟတ်စ်) | |

### ဒစ်ဂျစ်တယ်တီဗွီ

၇မဂ်ဂါဟတ်စ် VHF / ၈မဂ်ဂါဟတ်စ် UHF အခကြေးငွေမယူထားသောတီဗွီ ရုပ်သံထုတ်လွှင့်မှုအားဖမ်းယူခြင်း

## လက်ခံသောချန်နယ်လိုင်းများ(အန်နာလော့တီဗွီ)

**VHF လိုင်း**

၂–၁၂ (PAL/SECAM B, K1)

၀–၁၂ (PAL B AUST.)

၁–၉ (PAL B N.Z.)

၁–၁၂ (PAL/SECAM D)

၁–၁၂ (NTSC M Japan)

၂–၁၃ (NTSC M USA)

---

**UHF လိုင်း**

၂၁–၆၉ (PAL G, H, I/SECAM G, K, K1)

၂၈–၆၉ (PAL B AUST.)

၁၃–၅၇ (PAL D, K)

၁၃–၆၂ (NTSC M Japan)

၁၄–၆၉ (NTSC M USA)

---

**CATV**

S၁-S၂၀ (OSCAR)

၁–၁၂၅ (USA CATV)

C၁၃-C၄၉ (JAPAN)

S၂၁-S၄၁ (HYPER)

Z၁-Z၃၇ (CHINA)

၅အမ်ပီယာ, ၉အမ်ပီယာ (AUST.)

## အင်တာနာအဝင်

VHF / UHF

## လုပ်ငန်းလည်ပတ်မှုအခြေအနေ

**အပူချိန်**

0 စင်တီဂရိတ် - ၄၀စင်တီဂရိတ်

**စိုထိုင်းဆ**

၂၀ % - ၈၀ % RH (ငွေ့ရည်ဖွဲ့မှုမရှိခြင်း)

## စက်အတွင်းတွင်ပါသောကြိုးမဲ့လန်(LAN)

**စံနှုန်းကိုက်ညီမှုနှင့်ကြိမ်နှုန်းအပိုင်းအခြား***

IEEE၈၀၂.၁၁a/n/ac

၅.၁၅၀ဂစ်ဂါဟတ်စ် -၅.၃၅၀ဂစ်ဂါဟတ်စ်, ၅.၄၇၀ဂစ်ဂါဟတ်စ် -၅.၈၅၀ဂစ်ဂါဟတ်စ်

IEEE၈၀၂.၁၁b/g/n

၂.၄၀၀ ဂစ်ဂါဟတ်စ် - ၂.၄၈၃၅ဂစ်ဂါဟတ်စ်

**ဘေးကင်းလုံခြုံရေး**

WPA2-PSK (TKIP/AES)

WPA-PSK (TKIP/AES)

WEP (64 bit/128 bit)

## ဘလူးတုကြိုးမဲ့နည်းပညာ

**စံနှုန်းကိုက်ညီမှု**

ဘလူးတု ၄.၂

**ကြိမ်နှုန်းအကွာအဝေး**

၂.၄၀၂ ဂစ်ဂါဟတ်စ် – ၂.၄၈၀ ဂစ်ဂါဟတ်စ်

* ၁: နိုင်ငံအလိုက်ကြိမ်နှုန်းနှင့်ချန်နယ်လိုင်းများကွာခြားမှုရှိနိုင်သည်။

* ၂: ဘလူးတုနှင့်တွဲဖက်သုံးနိုင်သောကိရိယာများအားလုံးကိုဤတီဗွီတွင်အသုံးမပြုနိုင်ပါ။ ကိရိယာ ၅ခုအထိသာတစ်ပြိုင်နက်အသုံးပြုနိုင်ပါသည်။

**မှတ်စု**

- ကြေညာထားမှုမရှိဘဲဒီဇိုင်းနှင့်အသေးစိတ်ဖော်ပြချက်များသည်ပြောင်းလဲမှုရှိနိုင်သည်။ ပြထားသောအလေးချိန်နှင့်ထုထည်တို့သည်ခန့်မှန်းခြေမျှသာဖြစ်သည်။
- ပြင်ဆင်နိုင်သည့်ဆော့ဖ်ဝဲလ်အကြောင်းသိရှိလိုပါက (အင်တာနက်အကူအညီ) အားမှီငြမ်းကြည့်ရှုပါ။ ((Purpose) ရည်ရွယ်ချက်ဖြင့်ရှာဖွေသည် > (Read first) ဦးစွာဖတ်ပါ > (Before) အသုံးမပြုမီ > (Licence) လိုင်စင် )

IMDA စံနှုန်းများနှင့်
ကိုက်ညီပါသည်။
DB01017

**သုံးစွဲသူ၏မှတ်တမ်း**

ထုတ်ကုန်၏မော်ဒယ်နံပါတ်နှင့်နံပါတ်စဉ်ကိုမျက်နှာပြင်အနောက်ဘက်ရှိမော်ဒယ်နံပါတ်ပြားနှင့်နံပါတ်စဉ်ကို အညွှန်းကတ်ပြားတွင်ကြည့်ရှုနိုင်ပါသည်။ (အပေါက်အကာအားဖယ်ထုတ်ထားစဉ်တွင်)။ ဤနံပါတ်စဉ်ကိုအောက်တွင်ပေးထားသောနေရာတွင်မှတ်သား၍ဤစာအုပ်နှင့်ဝယ်ယူထားသည့်ပြေစာကိုသိမ်းဆည်းထားပါ။ အာမခံဝန်ဆောင်မှုများ၊ ခိုးယူခံရမှု(သို့) ဆုံးရှုံးခံရမှုများအတွက်မှတ်တမ်းတင်ရာတွင်အထောက်အကူပြုရန်သင်၏ဝယ်ယူမှုမှတ်တမ်းအဖြစ်သိမ်းဆည်းထားပါ။

**မော်ဒယ်နံပါတ်** **နံပါတ်စဉ်**


Panasonic AVC Network Kuala Lumpur

Lot 5, Persiaran Tengku Ampuan, Section 21 Shah Alam Industrial Site,
40300 Shah Alam, Selangor Darul Ehsan, Malaysia.